# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၈)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံပင့်ဆောင်ပွဲကျင်းပ

ညောင်ရွှေ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံပင့်ဆောင်ပွဲပထမပိုင်းကို ယနေ့တွင် ရုပ်ရှင်တော်မြတ်များ ထာဝရသီတင်းသုံးစံပယ်တော်မူရာ နမ့်ဟူးစံကျောင်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသော သံဃာတော်အရှင်သူမြတ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့ **စာမျက်နှာ ၁၂ ကော်လံ ၄ ⇨**



**ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ခြင်းဆိုင်ရာ တရုတ်-မြန်မာဆွေးနွေးပွဲ ကျင်းပ** စာ - ၁၇ သို့


**အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်** စာ - ၁၂ သို့

**အထူး မိုးလေဝသ သတင်း**

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော **စာမျက်နှာ ၁၂ ကော်လံ ၁ ➢**






# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်)

## တပ်မတော်သားကောင်းများပီသစွာဖြင့်...

တပ်မတော်ဆိုသည်မှာ နိုင်ငံအတွက် အစဉ်အမြဲတည်ရှိနေရမည့် အဖွဲ့အစည်းဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ကျစ်လျစ်ခိုင်မာ၍ စည်းလုံးညီညွတ်နေရမည်။ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံနေရမည်။ တပ်မတော်သားတိုင်းသည် မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်လာကြသူများဖြစ်သည်။ နိုင်ငံတိုင်းတွင် အဓိကအင်အားမှာ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအင်အားမတောင့်တင်းပါက မိမိနေထိုင်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့မှုလျော့နည်းလာမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံပျက်စီးစေရေး သို့မဟုတ် ယင်းတို့လိုရာသို့လိုက်ပါလာနိုင်ရေးအတွက် လုပ်ဆောင်နေသည်မှာ နိုင်ငံတော်ကာကွယ်ရေးအင်အားလျော့နည်းရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာ့တပ်မတော်သည် အစဉ်အလာ(၁၂)ရပ်နှင့်ပြည့်စုံပြီး စည်းလုံးညီညွတ်နေသည့်အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိသည်။ ထိုသို့ကာကွယ်ရာတွင် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များကာကွယ်ရန်၊ နိုင်ငံတော်သယံဇာတပစ္စည်းများကိုကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန်တို့ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၉ ရက်က တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့်သတ္တိများရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ်ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ဘဝကိုလိုချင်သောကြောင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များရှိရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့်လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့်လက်နက်အပေါ် ယုံကြည်မှုရှိသည့်စိတ်ဓာတ်များရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး လေ့ကျင့်သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့်လုပ်ငန်းများတွင် မိမိတို့ကိုသင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြုဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သားပြည့်ဝလာမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် မိမိအား အထက်မှပေးအပ်သောအမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် **ကျန်းမာအောင်နေပါ၊ သန်စွမ်းအောင်လေ့ကျင့်ပါ** ကျင့်ဝတ်နှင့်အညီပြုမူနေထိုင်ကြရမည်ဖြစ်သည်။ အမြဲကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်ဖြစ်သည်။ တပ်မတော်သားတို့သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် အစဉ်တစိုက်ကြိုးပမ်းနေကြသူများဖြစ်ကြသည်။ တစ်ဦးချင်းစီက ကိုယ်စီအရည်အချင်းရှိနေရန် လေ့ကျင့်ရေးဖြင့်တည်ဆောက်ရမည်ဖြစ်သည်။

တပ်မတော်၏အသက်မှာ စစ်စည်းကမ်းဖြစ်သည်။ တပ်မတော်သားတို့သည် စက်ဘက်ဥပဒေနှင့်နယ်ဘက်ဥပဒေနှစ်မျိုးလုံးကို လိုက်နာကျင့်သုံးကြရသည်။ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများပါဝင်သည်။ အုပ်ချုပ်ရေးပိုင်းကောင်းမွန်မှသာ တပ်များ၏စွမ်းရည်နှင့်စွမ်းအားများကောင်းမွန်မည်ဖြစ်သည်။ တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရသူများအနေဖြင့်လည်း မိမိတို့၏တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီးသည်။

ထို့အတူ တပ်တိုင်းတွင် သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်မှာ တပ်မတော်သားများနှင့်မိသားစုဝင်များ၏ စားရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေခြင်းဖြစ်သည်။ တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်တွင် “မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့်လောင်းကစားခြင်းရှောင်ပါ” ဟူ၍ သတ်မှတ်ထားရာ အသောက်အစား၊ အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများဖြစ်လာမည်ဖြစ်သည်။ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်သားတိုင်းသည် **“မိမိကိုယ်ကိုကောင်းအောင်ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကို ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်”** နိုင်ငံတော်အကြီးအကဲ၏အမှာစကားကို အလေးအနက်ထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၉၆ ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# ရွှေဘိုမြို့ မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်

ရွှေဘို စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်ရှိ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး၌ စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရွှေဘိုမြို့ပေါ်ရပ်ကွက်များရှိ ဘုံဆွမ်းလောင်းအသင်းများ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် တက်ရောက်လာသူများက ပုခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုတထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော ပရိတ်တရားတော်များကိုနာယူကြည်ညိုပြီး နန်းဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။ ထို့နောက် မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး (၂၁၀) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက ရွှေဘိုမြို့ပေါ်ကျောင်းတိုက်များရှိ ဆရာတော်သံဃာတော် ၇၅၁ ပါးတို့အား ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ကြကြောင်း သိရသည်။

(၄၀၉)

the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြည်ထောင်စုတရားသူကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ်ဦးအောင်မော်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧက ၄၀၀ ကျော်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သောဖူးစားပြောင်းဧက ၄၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၂၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ရိတ်သိမ်းရာ လက်ရှိတွင် ဧက ၄၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် အဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ၂၂၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ခင်းတွေကို ဩဂုတ်လ တတိယပတ်လောက်က စတင်ရိတ်သိမ်းခဲ့တာ ဧက ၄၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းကောင်းဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီး ပိုးမွှားရောဂါကျရောက်မှုကင်းဝေးအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျန်ရှိတဲ့ ဖူးစားပြောင်းစိုက်ခင်းတွေကို အချိန်မီ ရိတ်သိမ်းနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ ကပြောသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်းနှင့်တောင်သူတွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၂

မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်ကျေးရွာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တက်ရောက်လာသည့်တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဓာတ်မြေဩဇာသွင်းအားစုများကို တောင်သူများထံပေးအပ်ပြီး တောင်သူများ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများရေစီးဆင်းမှု၊ ကျောက်ရေမြေသားလမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်လေဆိပ်လမ်းနှင့်ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်စေရေးဆောင်ရွက်ထားရှိမှု သစ်ပင်၊ ပန်းပင်များစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရာဇသင်္ဂဟလမ်းမကြီးနှင့်သံလွင်လမ်းမကြီးရှိ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများကို ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဇမ္ဗူသီရိရပ်ကွက် ဝဇိရနန္ဒ သုဓောဓာရုံကျောင်းတိုက် သာသနာလင်္ကာရ ဗိမာန်တော်ကြီး၌ ကျင်းပသည့် နေပြည်တော်မြို့နယ်လုံးဆိုင်ရာ သာသနာလင်္ကာရစာမေးပွဲကို ရှင်သာမဏေများ ဖြေဆိုနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ကြက်ခြေနီအသင်းခွဲ အတွင်းရေးမှူး ဦးသန်းအောင်မိုးက ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြို့နယ်အတွက် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဒဂုံ(မြောက်ပိုင်း) မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များဖြစ်သည့် မြို့နယ်ဂုဏ်ကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သူ၊ မြို့နယ်ဂုဏ်ဆောင်စံပြထိုက်သူများအဖြစ် ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီနှင့် နည်းပြသင်တန်းတွင် ဒုတိယဆုရရှိသည့် မောင်ဖြိုးသုခ၊ နည်းပြသင်တန်းတွင် ပထမဆုရရှိသည့် မောင်တင်ထွန်းနိုင်၊ နည်းပြသင်တန်းတွင် ပထမဆုရရှိသည့် မောင်ဂျိုးဆက်ချမ်းသက်ဦး၊ နည်းပြသင်တန်းတွင် ဒုတိယဆုရရှိသည့် မမေရာနာမျိုး၊ နည်းပြသင်တန်းတွင် တတိယဆုရရှိသည့် မောင်ချမ်းအေး၊ ရေပြင်သက်ကယ်နည်းပြသင်တန်းအောင်မြင်စွာ တက်ရောက်နိုင်ခဲ့သော မောင်ကျော်ကျော်မင်းနှင့် တိုင်းဒေသကြီးအခြေခံကျောင်းသားအားကစားပွဲတော်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒဂုံမြို့သစ်ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မအိမ့်ရွှန်းလဲ့မျိုးတို့အား ဂုဏ်ပြုဆုငွေနှင့်ဆုများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများကို ဆုရရှိသူ ခုနစ်ဦးအား ချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ထွေး၊ အတွင်းရေးမှူး ဦးကျော်မြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၂၈၅)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဆရာသင်သည် ကျွန်ုပ်၏ ရန်ကြီးအောင်ဝတ္ထုကို သူပြင်ရေးမှ ကောင်းမည်ဟု ပြောဖူးခြင်းအတွက် သူ့အပေါ်တွင် မကျေမချမ်းဖြစ်ခဲ့ဖူးသော်လည်း အသတ်ခံရပုံကို ကျွန်ုပ် ကြားသိရသောအခါ စာရေးဆရာချင်းအနေဖြင့် လွန်စွာ ကရုဏာဖြစ်လှသည်နှင့် သူ၏ သေရပုံနှင့်ပတ်သက်၍ တကယ့်အဖြစ်အပျက်ရော၊ စိတ်ကူးကလေးများပါ ထည့်သွင်းကာ ကျွန်ုပ်ကိုယ်ကို မျက်ရည် တွေတွေကျလောက်အောင် တွေးတောပြီး ဆောင်းပါးတစ်ပုဒ်ကိုရေး၍ သူရိယသတင်းစာတွင် ထည့်သွင်းဖော်ပြလိုက်လေသည်။ ထိုဆောင်းပါးသည် စာဖတ်သူများ၏စိတ်ကို ထိခိုက်လှသည်ဆို၍ ကြည့်မြင်တိုင်ဘက်မှ အသင်းတစ်သင်းက ကျွန်ုပ်၏ဆောင်းပါးကို စာရွက်များ ရိုက်နှိပ်ပြီး ဆရာသင်၏အသုဘ၌ ဝေငှကမ်းလှမ်းလေသည်။ ဆရာသင်၏ အသုဘ၌ ကျွန်ုပ်၏စိတ်ကို ထိခိုက်လှသောအခြင်းအရာတစ်ခုမှာ ဆရာသင်၏အလောင်းကို ပန်းရထားပေါ်သို့ တင်ကြမည်ပြုသောအခါ သူရိယတိုက်အုပ် ဦးလှဖေသည် (တောင်ရှည် အမြဲဝတ်သူတစ်ယောက်ဖြစ်ပါလျက်) တောင်ရှည်ကြီးတကားကားနှင့် ဆရာသင်၏ အလောင်းကို သတင်းစာသမားများချည်း ထမ်းကြစို့ဆိုကာ စုရုံးခေါင်ငြိး ပန်းရထားပေါ်သို့ ကျွန်ုပ်တို့လူစု ထမ်း၍ တင်ကြရခြင်းပင်ဖြစ်လေသည်။ တောင်ရှည်ပုဆိုးနှင့် သပ်ရပ်ခံ့ထည်စွာ အမြဲဝတ်တတ်သော လူတစ်ယောက်ဖြစ်၍ ဦးလှဖေ၏ အပြုအမူသည် ကျွန်ုပ်အား အံ့ဩစေရုံသာမက သဘောကျ၍မဆုံး ဖြစ်မိပါသည်။ ဆရာသင်၏ ဈာပန၌ အညတရကျောင်းသားအဖြစ်မှ တစ်နေ့ချင်းအတွင်း မိုးထိုးအောင်နာမည်ကြီးသွားသူတစ်ယောက်ရှိ၏။ ထိုသူမှာ ဂျပ်ဆင်ကောလိပ်မှ 'ဖိုးကျား' (ထို့နောက် ပညာဝန်ဦးဖိုးကျား)ပင် ဖြစ်လေသည်။ ဈာပန၌ 'ဖိုးကျား' စကားပြောလိုက်သည်နှင့်တစ်ပြိုင်နက် ပရိသတ်များသည် 'သူဘယ်သူလဲ' 'ဘယ်ကလဲ' 'ဘာလုပ်တဲ့သူလဲ' စသော မေးခွန်းများဖြင့် တတွတ်တွတ်မေးကြလေရာ သူ့ကိုသိသော တစ်ယောက်တလေက ပြောသဖြင့် 'ဖိုးကျား''ဖိုးကျား''ဖိုးကျား'နှင့် အုတ်အော်သောင်းတင်းဖြစ်သွားပါလေတော့သည်။

### သက်ာမကင်းကြခြင်း

ဆရာသင်ကိုသတ်သည့် ငမိုးမှာ လက်သည်အဖြစ်နှင့် အပြစ်ရသည်မှန်သော်လည်း သေသူနှင့် တရားခံတို့မှာ မည်သည့်အဆက်အသွယ်မျှမရှိ၊ ရန်ငြိုးရန်စဟူ၍လည်း ရှာမရသည့်အတွက်ကြောင့် သို့လောသို့လော တွေးတောစရာဖြစ်နေ၏။ တရားခံ ငမိုးကိုယ်တိုင်မှာလည်း ကြေးတန်းစားလူသတ်သမားတစ်ယောက်ဖြစ်သည်ဟု ပြောသူများက ပြောကြ၏။ ဆရာသင်ကိုယ်တိုင်ကလည်း မြန်မာ့အလင်းသတင်းစာတွင် တချို့လူများ မခံချင်စရာသတင်းမျိုးထည့်သွင်းသည်ဆို၏။ သို့သော် ငမိုးကို ခိုင်းစေသူရှိရမည်ဆိုကာ ပုလိပ်က မသင်္ကာသောလူများကို အရေးယူသေးသည်ဟု ကြားလိုက်ရသော်လည်း ငမိုးမှအပ အပြစ်ရသောသူရှိသေးသည်ဟု မမှတ်မိတော့ပေ။



### ဆရာသင်၏လက်စွမ်း

ဆရာသင်၏ စာပေအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်မှတ်မိသလောက်မှာ ခေတ်ပညာတတ်မဟုတ်သည့် မြန်မာဆရာရိုးရိုးတစ်ယောက်မျှသာဖြစ်သည့်အတွက်ကြောင့် သတင်းစာခေါင်းကြီးများကို ပြောင်မြောက်အောင် ရေးနိုင်သည်ဟု ကျွန်ုပ်မထင်ပေ။ ခေတ်ပညာမတတ်ဘဲလျက် ပထမတန်းခေါင်းကြီးမျိုးရေးနိုင်သည်ဟု ပြောသူရှိလျှင် ကျွန်ုပ်ကား ယုံလိမ့်မည်မဟုတ်ချေ။ မြန်မာအဆွေမဂ္ဂဇင်းသည် လယ်တီပဏ္ဍိတ ဦးမောင်ကြီးအားလည်းကောင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်းသည် ဆရာလွန်းအားလည်းကောင်း (ဂုဏ်ကြီးသော မြန်မာဆရာကြီးများအနေဖြင့် ပုဆိုးတောင်ရှည် ခေါင်းပုံကြီးများထည့်ကာ) ခံ့ညားအောင် သုံးခဲ့ကြဖူး၏။ သို့ရာတွင် ၎င်းတို့သည် ခေါင်းကြီးရေးဆရာများအဖြစ်နှင့် အောင်မြင်ကြသည်ဟု ကျွန်ုပ် ဝန်မခံနိုင်ပေ။ သို့ရာတွင် ဆရာသင်သည် ကဗျာဘက်တွင် အတော်ချွန်သည့်လက္ခဏာရှိ၏။ မသေမီအချိန်အနည်းငယ်က ဆရာသင်သည် ဆရာလွန်း၏ လေးချိုးကြီးများနှင့်ပတ်သက်၍ (အရီးစိမ်းက 'တို့' ပေးလေသလော မဆိုနိုင်) လေးချိုးများ၏ အပိုဒ်စည်းကမ်းကို ဖောက်ဖျက်သည်ဟု ဝေဖန်ရင်း သီပေါဘုရင် ပါတော်မူခြင်းအကြောင်းကို သူကိုယ်တိုင် စီကုံးရေးသားသည့် လေးချိုးတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြလိုက်သည်။ ကျွန်ုပ်သည် ၎င်းလေးချိုးကို ဖတ်ကြည့်ရာ အပိုဒ်စည်းကမ်း ဥပဒေဆိုသည်ကို နားမလည်သော်လည်း ဆရာလွန်း၏ အရသာရှိသောပြုံးစရာ Humour မတွေ့ရစေကာမူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ 'အနုအယဉ် လူ့တစ်ခွင်၊ သူ့ပြင်မရှိ' ဆိုသော စကားအသုံးအနှုန်းမျိုးဘက်တွင် အတော်ကြီးအဆင့်အတန်းမြင့်သည်ကို တွေ့ရပေသည်။ ကျွန်ုပ်သည် ယင်းလေးချိုးကို အာဂုံမဆောင်နိုင်ဘဲ သတင်းစာဖြတ်ပိုင်းကို သိမ်းဆည်းထားရာ စစ်ကြီးအတွင်း၌ တခြားစာရွက်စာတမ်းများနှင့်အတူ ပျောက်ဆုံးသွား၍ နှမြောမိပါသည်။

### "ဟာသ"၏ စည်းကမ်းချက်

စကားပြောရာ၌ဖြစ်စေ၊ စာရေးရာ၌ဖြစ်စေ ရယ်စရာလေးညှပ်၍ ပြောတတ်၊ ရေးတတ်ခြင်းသည် ပြုလုပ်သူအဖို့၌လည်းကောင်း၊ ကြားရဖတ်ရသူအဖို့၌လည်းကောင်း အရသာတစ်မျိုးရှိ၍ လိုလားအပ်သောပညာတစ်ခုဖြစ်၏။ သို့ရာတွင် လူတစ်ဖက်သားကို ရယ်အောင်ပြုလုပ်ကြရာ၌ စည်းကမ်းတစ်ခု နားလည်ကြရလေသည်။ ဟာသဘက်၌ ကမ္ဘာကျော်ကြားသည့် ပြင်သစ်စာရေးဆရာကြီး ဗော်လ်တဲယား (Voltaire) သည် အလွန် 'ရွှတ်' ချင်တတ်သူတစ်ယောက်ဖြစ်၍ ဂုဏဝုဒ္ဓိ ဝယဗုဒ္ဓိဆိုသည်ကိုလည်းကောင်း၊ ဘုရားဂိုဏ်း၊ ရာဇဂိုဏ်းဆိုသည်ကိုလည်းကောင်း ထောက်ထားခြင်းမရှိဘဲ ရွှတ်တွတ်တွတ်ရေးကာ နောက်ပြောင်လေ့ရှိ၏။ သို့ရာတွင် ၎င်းဆရာကြီးသည်ပင်လျှင် မရွှတ်မပြောင်ဘဲ ချန်လှပ်ထားသည့် အချက်ရှိ၏။ ၎င်းသည်ကား လူတစ်ဦးတစ်ယောက်၏ ကိုယ်ကာယနှင့်ပတ်သက်သည့် ချို့ယွင်းချက်တစ်မျိုးမျိုးကို ပြက်ရယ်ပြောင်လှောင်သမှုမပြုခြင်းပင် ဖြစ်လေသည်။ စာရေးဆရာတို့မည်သည်မှာ လူများ၏ စိတ်နေသဘောထားနှင့်ပတ်သက်၍ဖြစ်စေ၊ အကျင့်စာရိတ္တနှင့်ပတ်သက်၍ဖြစ်စေ၊ အတွေးအခေါ်အယူအဆများနှင့်ပတ်သက်၍ဖြစ်စေ ပြောင်လှောင်နိုင်သော အခွင့်အရေးရှိ၏။ ပြောင်လှောင်စရာများကို ပြောင်လှောင်ပေးခြင်းအားဖြင့် လူများကို ပြုပြင်ပေးခြင်းမှာ စာရေးဆရာများ၏ အလုပ်ဖြစ်၏။ သို့ရာတွင် ကိုယ်ကာယနှင့်ပတ်သက်သည့် ချို့ငဲ့ချက်များမှာ ပြုပြင်နိုင်စကောင်းသော ကိစ္စမျိုးမဟုတ်သည့်အတွက်ကြောင့် ၎င်းတို့ကို ပြက်ရယ်ပြောင်လှောင်ခြင်းသည် ကလေးဆန်သော အလုပ်မျိုးဖြစ်၏။ ခြေကျိုးသောလူတစ်ယောက် လမ်းသွားပုံကို ပြောင်လှောင်သည့်အနေဖြင့် ထော့နဲ့ထော့နဲ့ လျှောက်ပြခြင်း၊ မျက်စိမမြင်သောလူတစ်ယောက် တစ်စုံတစ်ရာနှင့် တိုက်လဲပုံကို လုပ်ပြခြင်းစသော အပြုအမူများသည် 'လူကြီး'များ၏ အလုပ်မဟုတ်သကဲ့သို့ အရုပ်ဆိုးခြင်း၊ သွားခေါခြင်း၊ အသားနက်ခြင်း၊ ခါးကုန်းခြင်းစသော ချို့ငဲ့မှုကို ရယ်ဖွယ်လုပ်၍ ရေးခြင်းမျိုးတို့သည်လည်း လူ၏ ယဉ်ကျေးသောစည်းကမ်းများကို ဖောက်ဖျက်ရာကျသည်ဟု ဟာသစာရေးဆရာများ နားလည်သင့်ကြသည်။

### သတင်းစာခေါင်းကြီးများ

တစ်နေ့သ၌ အမျိုးသမီးစာရေးဆရာမ မအမာက သတင်းစာခေါင်းကြီးများ ရေးပုံရေးနည်းနှင့်ပတ်သက်၍ ဩဝါဒပေးသည့်အနေဖြင့် တစ်ခန်းတလေရေးခဲ့ဖို့ အကြံပေးတိုက်တွန်းဖူးရာ ကိုယ့်စာကို ကိုယ် အကောင်းဆုံးဟု သတ်မှတ်နေကြပုံရသည့် ဤခေတ်တွင် မည်သူ့အပေါ်မှ ဆရာလုပ်ပြီး ဩဝါဒပေးဖို့မကြံရွယ်ဘဲ ခေါင်းကြီးရေးသမားကောင်းတစ်ယောက်၌ ရှိအပ်သည်ဟု ကျွန်ုပ်ထင်သော အရည်အချင်းများအနေဖြင့်သာ ဖော်ပြလိုက်ပါသည်။ စာရေးဆရာတစ်ယောက်သည် ဗဟုသုတပြည့်စုံရေးအတွက် စာများများကြီး ဖတ်ထိုက်သည်ဆိုလျှင် ခေါင်းကြီးရေးသမားတစ်ယောက်သည်သာ၍ များများကြီးဖတ်ထိုက်သည်ဟု ကျွန်ုပ်ဆိုချင်သည်။ အင်္ဂလန်ပြည်ထုတ် လန်ဒန်တိုင်းမ်သတင်းစာကြီးမှာ သတင်းစာလောကတွင် 'အာဏာစက်' အလွန်ပျံ့နှံ့သည့် သတင်းစာကြီးတစ်စောင်အနေဖြင့် အသိအမှတ်ပြုခြင်းခံရလေရာ နေ့စဉ်ထုတ်သတင်းစာတစ်စောင်တည်း၌ ခေါင်းကြီးသုံးလေးပုဒ် သုံးလေးမျိုးပါရှိ၍ လူသုံးလေးယောက်ရေးကြသည်ဆို၏။ **ဆက်လက်ဖော်ပြပါမည်။**

---

# တောင်တွင်းကြီး မြို့မစည်ပင်သာယာဈေးအတွင်း ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးဟောပြော

တောင်တွင်းကြီး စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့နည်းစေရေး ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တောင်တွင်းကြီး မြို့မစည်ပင်သာယာဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာလ ၂၂ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်များအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ရေးအရာရှိ ဒုတိယရဲမှူး ဌေးလွင်ဦးစီးသော တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၂၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ချမ်းမြေ့








# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များလေ့ကျင့်ရေးစခန်း ပထမအကြိမ် ဆန်းစစ်နေမှုများအား ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့်) တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များ လေ့ကျင့်ရေးစခန်းပထမအကြိမ် ဆန်းစစ်နေမှုများအား ကြည့်ရှုအားပေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် စွယ်တော်ဆောင် ယဉ်ကျေးမှုခန်းမ၌ အကပြိုင်ပွဲတွင် တစ်ဦးချင်းအကနှင့် ကဗျာလွတ်အကပြိုင်ပွဲ ပထမအကြိမ် ဆန်းစစ်နေမှုများအားလည်းကောင်း၊ သရဖီဆောင်အနုပညာခန်းမ၌ အတီးပြိုင်ပွဲတွင် ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်နှင့် စောင်းပြိုင်ပွဲပထမအကြိမ် ဆန်းစစ်နေမှုများအားလည်းကောင်း၊ ကုမုဒြာဇာတ်ရုံ၌ အတီးပြိုင်ပွဲတွင် စန္ဒားယား၊ မယ်ဒလင်နှင့် တယောပြိုင်ပွဲ ပထမအကြိမ် ဆန်းစစ်နေမှုများအားလည်းကောင်း၊ ကုမုဒြာဆောင် M-107 ၌ အဆိုပြိုင်ပွဲ ပထမအကြိမ် ဆန်းစစ်နေမှုများအားလည်းကောင်း ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ကုမုဒြာဆောင်တွင် ပြိုင်ပွဲဝင်များအတွက် ကျန်းမာရေးဆပ်ကော်မတီ ယာယီဆေးခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကျင်းပ



မော်လမြိုင် စက်တင်ဘာ ၂၂

မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်သည်။

ဦးစွာ မွန်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်မှသက်ဆိုင်ရာ ခရိုင်/မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီများမှ ပေးပို့တင်ပြခဲ့သည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူများ၏ အတည်ပြုလူဦးရေစာရင်းကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့်ဌာနများအနေဖြင့် မြေပြင်သေဆုံးသွားသူ၊ အကြောင်းအမျိုးမျိုးကြောင့်မိမိမြို့နယ်ထဲသို့ ပြောင်းဝင်လာသူ၊ မိမိမြို့နယ်မှ ပြောင်းထွက်သွားသူ စာရင်းများကို အချိန်နှင့်တစ်ပြေးညီ တိုက်ဆိုင်စိစစ်ပြီး လက်ရှိအိမ်ထောင်စုလူဦးရေစာရင်းဖြင့်ကိုက်ညီစေရေး စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်နယ် ဦးစီးမှူး ဦးရဲရင့်ထွန်းက မဲစာရင်းမှန်ကန်စေရေးနှင့်မြေပြင်လူဦးရေစိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များမှမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# စစ်တွေမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်

စစ်တွေ စက်တင်ဘာ ၂၂

အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ဖွယ်ရာများပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ဆောင်ရွက်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်ကာ ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့်သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး အငြိမ်းစားဝန်ထမ်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကျပ် ၄၀၅၀၀၀၀ ပေးအပ်ချီးမြှင့်ကာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း(ပြန်/ဆက်)



# ရေကြီးခြင်းသတိပေးချက်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မြစ်ကြီးနားမြို့နယ် နောင်းပုံ-ပိုးစာခြံ ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန် ရည်ရွယ်၍ နောင်းပုံကျေးရွာ၌ နောင်းပုံ-ပိုးစာခြံကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းဦး၊ မြစ်ကြီးနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် နောင်းပုံကျေးရွာနှင့် ပိုးစာခြံကျေးရွာကို ဆက်သွယ်ထားသော အရှည် ၅ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၇ လက်မရှိ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုငွေများကိုအသုံးပြုကာ မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သော Jade Land Myanmar ကုမ္ပဏီမှ ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

# ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ၌ သက်ကြီးအဘွားများအား ပံ့ပိုးငွေများပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာ၌ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် သက်ကြီးအဘွားများအား ပံ့ပိုးငွေပေးအပ်ခြင်းကို စက်တင်ဘာလ ၂၁ ရက်က ကျိုက်ထော်ကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတစ်ဝန်းလုံး၌ရှိသည့် မိခင်နှင့်ကလေးများအပါအဝင် မိသားစုများ၏ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ခြင်းဆိုသည့် ရည်ရွယ်ချက်နှင့် ၁၉၉၁ ခုနှစ် ဧပြီလ ၃၀ ရက်က စတင်ဖွဲ့စည်းခဲ့သည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းနှင့် သက်ကြီးအဘွားများအား ပံ့ပိုးငွေများပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့်အဖွဲ့ဝင်များက သက်ကြီးအဘွားများကို တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ထို့နောက် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ကျိုက်ထော်ဈေးအတွင်းရှိ ဈေးဆိုင်များ ကျန်းမာရေးနှင့်အညီ ရောင်းချမှုရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# မြန်အောင်မြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

မြန်အောင် စက်တင်ဘာ ၂၂


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေ၏ပြောဆိုချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ စက်တင်ဘာလ ဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေပါတယ်။ မြန်အောင်မြို့နယ်ကနေ တခြားဒေသတွေကို အလုံးရေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ နှစ်မျိုးစလုံးအရောင်းအဝယ်ကောင်းမွန်နေတာပါ" ဟု ဒေါ်သန်းသန်းဆွေကပြောသည်။

အဆိုပါဒေသထွက် ခရမ်းသီးများအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ကြံ့ခင်း၊ ဟင်္သာတစသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်




# ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ဆီဆိုင် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)တို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်အောင်မန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) Grade-11 မှ မောင်ဝင်းကျော်က လူငယ်နှင့်ရည်မှန်းချက်၊ မောင်အောင်မြင့်မြတ်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-10 မှ မဇင်ဇင်မျိုးက လူငယ်နှင့်အားကစား၊ ခွန်ထွန်းလေက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ Grade-7 မှ မနန်းလှသိင်္ဂီဝင်းက လူငယ်နှင့်စာရိတ္တခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဆွေးနွေးပေးခဲ့သည့်ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းခဲ့ကာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ထွန်းက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း



မော်လမြိုင် စက်တင်ဘာ ၂၂

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲအခမ်းအနားကို မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော်၊ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဉာဏ်ဝင်းတို့ဦးစီး၍ စက်တင်ဘာလ ၂၁ ရက်နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းကြီးကြပ်ကွပ်ကဲ၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များက အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းကြသူများအား ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးခြင်းနှင့် သွေးလှူဒါန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သွေးလှူဒါန်းပေးကြသူများကို အားဆေးများ၊ ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများပေးအပ်ပြီး အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီးက (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များအား သွေးလှူဒါန်းပေးခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

(၄၀၆)

# အေးသာယာမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့၌ စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ လုပ်ငန်းထူထောင်မည့်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများ၊ ကုန်ချောပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတို့က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာများ၊ လူသုံးကုန်လုပ်ငန်းသုံးဓာတုပစ္စည်းများ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ Body Scrub၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာခရင်၊ ဖယောင်းတိုင်၊ ပရုတ်ဆီ၊ လျှော်မွှေးဆီ၊ Hand Gel၊ Hand Spray စသည့်ဘာသာရပ်များကိုစာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

(၄၀၅)

# (၃၄)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး




ပဲခူး စက်တင်ဘာ ၂၂

ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၄)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းသည် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်၊ ဆေးရုံအုပ်ကြီးဒေါက်တာဇော်လွင်တို့နှင့်အတူ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်၊ ကော်ဖီနှင့်အာဟာရမုန့်များ အခမဲ့တိုက်ကျွေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီး ကျန်းမာပျော်ရွှင်အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်စီစဉ်မှု လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ပံ့ပိုးပေးခြင်းနှင့် စားသုံးဆီပေးအပ်ခြင်း၊ စမတ်ကတ်ပြုလုပ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း၊ ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ဘုတ်ပြင်း စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အားကစားခန်းမ၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်တွင် ကျင်းပသည်။

ပြိုင်ပွဲ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် သဲစုပ်စက်မိုင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းအသင်းက အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၌ ပထမ၊ ဒုတိယဆုနှင့်တံခွန်စိုက်ဆုဖလားရရှိသည့်အသင်းများနှင့် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမ၊ ဒုတိယဆုနှင့် တံခွန်စိုက်ဆုဖလားရရှိသည့်အသင်းများမှအားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုများကို မြို့နယ်ပညာရေးမှူး ဦးအောင်စိုးနှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများကို စက်တင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပပြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းရှစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



# သရက်မြို့၌ ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

သရက် စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး သရက်မြို့ ကမ်းနားလမ်း ဇက်ဆိပ်အနီး၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်တွင် ဆောင်ရွက်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးကောင်ရေနှစ်သိန်းတို့အား ရေဝတီမြစ်အတွင်း စိုက်ထည့်ပေးကြကြောင်း သိရသည်။

ဇော်ထက်(သရက်)

| သဇင်(FM)အသံလွှင့်အစီအစဉ် | | ၂၃-၉-၂၀၂၅(အင်္ဂါနေ့) | |
|---|---|---|---|
| ၁။ ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ | လှပကျန်းမာ | ၅။ ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ | Speech On Air | ၆။ ၂၁:၂၀ | Memory Box |

# ဆေးဖက်ဝင်ကင်ပွန်းချဉ်ရွက်၏ ကျန်းမာရေးအကျိုးကျေးဇူးများ

**ကင်ပွန်းချဉ်ရွက်**

ကင်ပွန်းချဉ်ပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင်ပေါက်ရောက်ပြီး အမြဲစိမ်းသစ်တောများ၌ အများဆုံးတွေ့ရသည့် သဘာဝအလျောက် ပေါက်ရောက်သော ချုံပင်မျိုးဖြစ်သည်။ ကင်ပွန်းချဉ်ရွက်ကို အင်္ဂလိပ်လို Soap Pod ဟုခေါ်ပြီး မျိုးရင်းအမည် Mimosaceae နှင့် ရုက္ခဗေဒအမည် Acacia Concinna ဖြစ်သည်။

**ကင်ပွန်းချဉ်ရွက်စားသောက်မှုပုံစံအမျိုးမျိုး**

ကင်ပွန်းချဉ်ရွက်ကို ဗယာကြော်၊ တိုဟူးတို့နှင့် ရောချက်ပြီးလျှင် ငရုတ်သီးထောင်းနှင့် တွဲဖက်စားရသောအရသာသည် အသားဟင်းနှင့် မလဲနိုင်အောင် စားကောင်းလှသည်။ ကင်ပွန်းချဉ်ရွက်ကို ပုစွန်ခြောက်၊ ငရုတ်သီးတို့နှင့်ရောထောင်းပြီး စားတော်ပဲပြုတ်နှင့်လည်း တွဲဖက်စားသုံးကြသည်။ ကင်ပွန်းချဉ်ရွက်ကို ချဉ်ရည်ကျဲကျဲချက်၍ဖြစ်စေ၊ ငါး၊ ပုစွန်ခြောက်တို့နှင့်ကြော်၍ဖြစ်စေ၊ တခြားအသား၊ ငါးများနှင့်ရော၍ ဖြစ်စေ ချက်ပြုတ်စားသောက်လေ့ရှိကြသည်။

**ကင်ပွန်းသီး၊ ကင်ပွန်းပွင့်နှင့် ကင်ပွန်းရွက်၏အာနိသင်များ**

မြန်မာ့ဆေးကျမ်းများအရ ကင်ပွန်းပွင့်သည် ချိုအေးပြီး လေ၊ သလိပ်၊ သည်းခြေကိုနိုင်သည်။ ကင်ပွန်းချဉ်ရွက်သည်ပူချဉ်ပြီး အပူကြောင့် ဖြစ်သော အခိုးအကင်းကို ငြိမ်းစေသည်။ ကင်ပွန်းသီးသည် ခါးအေးပြီး အစာကိုကြေညက်စေ၍ ဝမ်းကိုသက်စေသည်ဟု ဖော်ပြထားသည်။ ကင်ပွန်းသီး၏အာနိသင်မှာ လေအောင့်ရောဂါ၊ သွေးနှင့်ဆိုင်သော ရောဂါ၊ အစာအိမ်ရောဂါနှင့်ဝမ်းချုပ်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ တရော်နှင့်ကင်ပွန်းသီးပြုတ်ရည်ဖြင့် ခေါင်းလျှော်ခြင်းသည် ဆံပင်ကိုသန့်စွမ်းစေခြင်း၊ ဦးခေါင်းကိုအေးမြစေခြင်း၊ ဗောက်များကင်းစင်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်သည်။

ကင်ပွန်းပွင့်သည် အဝါရောင်ရှိပြီး ပန်းခိုင်အဖျားတွင် စုပြုံ၍ဖူးပွင့်ကြသည်၊ အပွင့်ပြုတ်ရည်ကိုသောက်သုံးခြင်းဖြင့် လေရောဂါ၊ သည်းခြေရောဂါတို့ကိုပျောက်ကင်းစေနိုင်ပြီး ချွဲ၊ သလိပ်တို့ကိုကြေစေနိုင်သည်။ ကင်ပွန်းချဉ်ရွက်သည် လူအများနှစ်သက်စွာစားသုံးကြသောဟင်းလျာ အဖြစ်လည်းကောင်း၊ ဆေးများဖော်စပ်ရာတွင် ရောစပ်အသုံးပြုခြင်းဖြင့် လည်းကောင်း၊ အသားအရေကျန်းမာရေးအတွက်လည်းကောင်း အထောက်အကူပြုလျက်ရှိသည်။

**ကင်ပွန်းချဉ်နှင့်ပျောက်ကင်းနိုင်သောရောဂါများ**

ကင်ပွန်းချဉ်ပင်၏ အရွက်၊အသီး၊ အပွင့်အားလုံးသည် ဆေးဖက်ဝင်သည်။ အဓိကပါဝင်သောအာဟာရဓာတ်မှာ ရေဓာတ်ဖြစ်ပြီး ပူ၍ ချဉ်သောအရသာရှိသည်။ အပူကြောင့်ဖြစ်တတ်သော အခိုးအကင်းကို ငြိမ်းစေနိုင်သဖြင့် ဆောင်းရာသီတွင်စားသုံးသင့်သည်။ ကျို့ချက်၍ သောက်သုံးပါက ဆီးရောဂါအမျိုးမျိုးသက်သာပျောက်ကင်းစေပြီး ငါးချူ ငါးကြင်းတို့ဖြင့်ရော၍ချက်ပြုတ်ပါက လေချဉ်တက်ခြင်းရောဂါ အတွက်ကောင်းခြင်း၊ ငါးစင်ရိုင်း သို့မဟုတ် ငါးတန်နှင့်ရောချက်ပါက သည်းခြေရောဂါကိုသက်သာပျောက်ကင်းနိုင်ခြင်း၊ ငါးခုံးမနှင့်ရောချက်ပါက အိပ်မပျော်၊ စားမဝင်ရောဂါအတွက်ကောင်းခြင်း၊ အမျိုးသမီးများ ကလေးမွေးဖွားရာတွင် လွယ်ကူစေရန် ကင်ပွန်းချဉ်ရွက်ပြုတ်ရည် ကိုသောက်သုံးနိုင်ခြင်း စသည့်အကျိုးအာနိသင်များရရှိနိုင်သည်။

**ကင်ပွန်းချဉ်ရွက်မှပေးသည့်အာဟာရများ**

ကင်ပွန်းချဉ်ရွက်တွင် ဗီတာမင် – C၊ ဗီတာမင်– A၊ ဗီတာမင် – D၊ ဗီတာမင် – K၊ အမျှင်ဓာတ်၊ ပိုတက်ဆီယမ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ စသည့်အာဟာရဓာတ်များပါဝင်သည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

ကင်ပွန်းချဉ်ရွက်ကိုရေနွေးဖြင့်ဖျော်၍ သောက်သုံးပေးပါက ဝမ်းဗိုက်လေပွခြင်းကို ပျောက်ကင်းစေသည်။ အသည်းရောင်အသားဝါရောဂါနှင့် သည်းခြေရောဂါတို့အတွက် အရွက်နုလေးများကို ငရုတ်ကောင်းရည်တွင်စိမ်၍ ဆား၊ မန်ကျည်းသီး၊ ငရုတ်သီးတို့နှင့်ရောထောင်းပြီး တိုက်ကျွေးပါက သက်သာစေသည်။ အရွက်နုများကို ညဉ့်သိပ်စိမ်ပြီးသောက်သော် အဖျားရောဂါပျောက်ကင်းစေပြီး အရွက်နုများကိုကြိတ်၍ အသည်းရောင်သောနေရာ၌ လိမ်းကျံပေးပါက သက်သာစေသည်။

**အစာစားချင်စိတ်တိုးစေနိုင်**

ကင်ပွန်းချဉ်ရွက်၏အရသာမှာ ခံတွင်းရှင်းသောကြောင့် အစားပျက်နေသူများအတွက် ခံတွင်းလိုက်စေမည့် အရွက်တစ်မျိုးဖြစ်ပြီး ပုတတ်စာနှင့်ချက်ထားသည့် ကင်ပွန်းချဉ်ရွက်ဟင်းမှာ စားရသူအတွက် ခံတွင်းတွေ့စေသည်။



**ဆီးချိုကျစေနိုင်**

အချဉ်အရသာစူးစူးနှင့် ကင်ပွန်းချဉ်ရွက်က သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး သွေးချိုရုတ်တရက်မြင့်တက်ခြင်းမဖြစ်စေရန် ကာကွယ်ပေးသည်။ အမျှင်ဓာတ်ပါဝင်မှုကြောင့်လည်း သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးရာတွင် အထောက်အကူပြုသည်။

**ကိုယ်တွင်းအဆိပ်အတောက်များဖယ်ရှားပေးနိုင်**

ကင်ပွန်းချဉ်ရွက်စားပေးခြင်းဖြင့် ကိုယ်တွင်းရှိအဆိပ်အတောက်များကို ထိရောက်စွာဖယ်ရှားပေးနိုင်ပြီး အသားအရေကိုကြည်လင်စေကာ သွေးသန့်စေရန်လည်း အထောက်အကူပြုသည်။

**ဝမ်းမှန်စေနိုင်**

အမျှင်ဓာတ်ကြွယ်ဝသည့် ကင်ပွန်းချဉ်ရွက်က အူများ၏လုပ်ဆောင်မှုကိုကောင်းမွန်စေပြီး အူနံရံများကို အာဟာရစုပ်ယူမှုကောင်းစေရန် ထောက်ပံ့ပေးကာ ဝမ်းမှန်စေရန်လည်း အထောက်အကူပြုသည်။

**သွေးတိုးကျစေနိုင်**

ကင်ပွန်းချဉ်ရွက်တွင် ပိုတက်ဆီယမ်ပါဝင်နေသောကြောင့် သွေးပေါင်ချိန်ကိုထိန်းညှိပေးပြီး သွေးတိုးကျစေရန်လည်း အထောက်အကူပြုနိုင်သည်။

**"ကင်ပွန်းချဉ်ရွက်သည်ပူချဉ်ပြီး အပူကြောင့်ဖြစ်သော အခိုးအကင်းကို ငြိမ်းစေသည်။ ကင်ပွန်းသီးသည် ခါးအေးပြီး အစာကိုကြေညက်စေ၍ ဝမ်းကိုသက်စေသည်ဟု ဖော်ပြထားသည်။ ကင်ပွန်းသီး၏ အာနိသင်မှာ လေအောင့်ရောဂါ၊ သွေးနှင့်ဆိုင်သောရောဂါ၊ အစာအိမ်ရောဂါနှင့် ဝမ်းချုပ်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည် . . ."**

**အနာကျက်စေနိုင်**

ကင်ပွန်းချဉ်ရွက်တွင် ဗီတာမင် – C ကြွယ်ဝသောကြောင့် အရေပြားကိုကျန်းမာစေခြင်း၊ အနာပိုးမဝင်စေရန် ကာကွယ်ပေးခြင်းနှင့် အနာကျက်စေရန် အထောက်အကူပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။

**အဖောအရောင်သက်သာစေနိုင်**

ကင်ပွန်းချဉ်ရွက်အနုကို ညက်အောင်ထောင်းပြီး သကြားအနည်းငယ်ထည့်ကာ ရေကျက်အေးနှင့် နေ့စဉ်သောက်သုံးပေးပါက အဖျားရောဂါကိုသက်သာစေနိုင်ပြီး ကိုယ်ဖောကိုယ်ရောင်ရောဂါများကို ပျောက်ကင်းစေနိုင်သည်။

**ကင်ပွန်းချဉ်ရွက်မစားသင့်သူများ**

ကင်ပွန်းချဉ်ရွက်ကို နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်များ၊ သွေးပေါင်ကျတတ်သူများ၊ ရောဂါအခံရှိသူများ၊ ရောဂါအခြေအနေတစ်ရပ်ရပ်ကြောင့် ဆေးသောက်နေရသူများနှင့် ကလေးငယ်များအလွန်အကျွံ စားသုံးမှုကိုရှောင်ကြဉ်သင့်သည်။

**ကင်ပွန်းသီးမှပေးသည့်ကောင်းကျိုးများ**

ကင်ပွန်းသီးသည် လေအောင့်ရောဂါ၊ သွေးနှင့်ဆိုင်သောရောဂါ၊ အဖြူကွက်ပေါ်သောရောဂါ၊ အစာအိမ်ရောဂါနှင့် ဝမ်းချုပ်ခြင်းကို ပျောက်ကင်းစေသည်။ အသီးနှင့်အရွက်ပြုတ်ရည်ကို ဝမ်းပျော့ဆေးရည်အဖြစ် အသုံးပြုနိုင်သည်။ ကင်ပွန်းသီးကိုကြိတ်၍ အရေပြားရောဂါကို လိမ်းပေးလျှင် ပျောက်ကင်းပြီး ကင်ပွန်းသီးများကို မြွေဆိပ်ကုဆေးဖော်စပ်ရာတွင်လည်းအသုံးပြုကြသည်။ စိန်နှင့်သံပရာစားမိသူအား ကင်ပွန်းသီးကိုကျိုပြီး လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်တိုက်ပေးခြင်းဖြင့် စားထားသောစိန်နှင့်သံပရာများကို ပြန်အန်ထွက်စေသည့် အစွမ်းအာနိသင်ရှိသည်။

အချုပ်ဆိုရသော် ကင်ပွန်းချဉ်ရွက်ကို လူတိုင်းစားသုံးသင့်ပြီး အထူးသဖြင့် အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ ကျန်းမာရေးအားနည်းသူများ၊ ခံတွင်းမကောင်းသူများ၊ အိပ်မပျော်သူများစားပေးသင့်သည်။ ကင်ပွန်းချဉ်ရွက်ကိုကျို၍ ညစဉ်အိပ်ရာဝင်သောက်ပေးပါက စားဝင်အိပ်ပျော်ပြီး သက်ရှည်ကျန်းမာစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

---

# မိုးနဲမြို့နယ်၌ ကြက်ခြေနီသာမန်ရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၂၅) ဆင်းပွဲကျင်းပ

မိုးနဲ　စက်တင်ဘာ　၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ကြီးကြပ်မှုဖြင့် ကြက်ခြေနီသာမန်ရှေးဦး ပြုစုခြင်းသင်တန်း(၁/၂၀၂၅) ဆင်းပွဲကို စက်တင်ဘာလ ၂၁ ရက်က မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတိုးလှက ကြက်ခြေနီအသင်းခွဲ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးချွန်ဆုနှင့်သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ကြကြောင်း၊ သင်တန်းကို စက်တင်ဘာလ ၆ ရက်မှ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့တိုင်း သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအား ရှေးဦးပြုစုခြင်း သာမန်ဘာသာရပ် ၁၇ မျိုးကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။



မျိုးညွန့်ရွှေ

# ပြည်မြို့၌ (၁၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ပြည် စက်တင်ဘာ ၂၂

ပြည်မြို့ ဝင်္ဂဘာတောရစာသင်တိုက်၌ (၁၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက စူဠဘွဲ့နှင်း သဘင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ မဟာမင်္ဂလာဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသြဘာသ အရှင်သူမြတ်ထံမှ ငါးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ စူဠဘွဲ့နှင်းသဘင် အခမ်းအနားအတွက် အလှူငွေကျပ်သိန်း ၁၀၀ အားဘဏ္ဍာငွေရှာဖွေရေးနှင့်အထောက် အကူပြုအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်း သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ချုပ်က ၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင် သံဃာတော်များကိုလည်းကောင်း၊ တိုင်း ဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်စိုးစိုးသက် က စာအောင်သီလရှင်များအားလည်း ကောင်း အဆောင်အယောင်နှင့်ဘွဲ့တံဆိပ် တော်များ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ် ထံမှ အနုမောဒနာတရားနာယူကြသည်။

ပြည်မြို့ ဝင်္ဂဘာတောရစာသင်တိုက်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် စူဠဘွဲ့နှင်း သဘင် အခမ်းအနား၌ ရဟန်း၊ သာမဏေ၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၂၉၇ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့အား ဘွဲ့တံဆိပ်တော်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးဆက်ကပ် ပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# မိတ္ထီလာမြို့နယ်၌ တိရစ္ဆာန်မွေးမြူရေးသုံးပစ္စည်းဆိုင်များအားစစ်ဆေး

မိတ္ထီလာ စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ်၌ Online စနစ်ဖြင့် ရောင်းချ လျက်ရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချ သည့်ဆိုင်များအား စက်တင်ဘာလ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာ ခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးဇော် မင်းနှင့်ဝန်ထမ်းများက မိတ္ထီလာမြို့နယ် အောင်ဇေယျာ(၁၆)ရပ်ကွက်ရှိ ပင်ကီ တိရစ္ဆာန်နှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်အား ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင် ဦးစီးမှူးက Online စနစ်ဖြင့်ရောင်းချ ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အချက် အလက်နှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ရောင်းချသောပစ္စည်းများတွင် မြန်မာ ဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်ခြင်း ရှိ၊ မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည် နှင့် ဝန်ဆောင်မှုဥပဒေအဖြစ် သတ်မှတ်ထား ကြောင်း အခြားသိကောင်းစရာများကို အသိ ပညာပေးဆွေးနွေးကြောင်းသိရသည်။ (၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၀:၀၀ | စိုက်ပျိုးသုတ |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၂:၀၀ | မျှဝေဆွေးနွေး အနာဂတ်အရေး |
| ၇။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၈။ | ၁၈:၄၀ | မွေးမြူသုတ |
| ၉။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၉)** |
| ၁၀။ | **ည ၈ နာရီ သတင်း အပြီး** | မိုးလေဝသသတင်း |
| ၁၁။ | | ဆောင်းပါးပေါ်မှစာစုများ |
| ၁၂။ | | မြဝတီရုပ်မြင်သံကြား သတင်း |

---

## MWD Variety Channel

၂၃-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၅၅ | စကားလက်ဆုံ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၁၅:၅၀ | ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော် |

# အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ပင်လုံ စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ အားကစားကွင်း၌ ၂၀၂၅ ခုနှစ် မိုးရာသီ ဖလား အမျိုးသားအလွတ်တန်း ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကိုစက်တင်ဘာလ ၂၁ ရက်တွင်ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် Best Friend ဘောလုံးအသင်းနှင့် Team Flash ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Best Friend ဘောလုံးအသင်းက ၄ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ နေရာ အလိုက် အကောင်းဆုံးအားကစားသမား ဆုများကို ပင်လုံမြို့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းဇော်အောင်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီနာယက ဦးခင်မောင်မြင့်တို့က လည်းကောင်း၊ တတိယဆုရရှိသောအသင်း၊ ဒုတိယဆုရရှိသောအသင်းနှင့် တစ်ဦးချင်း ဆုတံဆိပ်တို့ကို ဌာနဆိုင်ရာတာဝန် ရှိသူများကလည်းကောင်း၊ ပထမဆုရရှိ သော Best Friend အသင်းအား တံခွန် စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်ပိုင်ဖြိုးကလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အဆိုပါ ပင်လုံမြို့ ၂၀၂၅ ခုနှစ် မိုးရာသီ ဖလား အမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲကို စက်တင်ဘာလ ၃ ရက်မှ စတင် ကျင်းပပြီး ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ (၄၁၄)



# သားကောင်းဇာနည် စွမ်းဆောင်သည်

❖ နိုင်ငံ့အကျိုး၊ သယ်ပိုးရွက်ဆောင်
ကြံတိုင်းအောင်ရ၊ လောကသစ္စာ
မေတ္တာအလင်းရောင်၊ ထွန်းလင်းပြောင်အောင်
စွမ်းဆောင်နိုင်ခြင်း၊ ဂုဏ်ရှိန်လင်းခဲ့။

❖ ကမ္ဘာနဲ့ချီ၊ ရပ်တည်တက်လှမ်း
စိတ်စွမ်းဉာဏ်လှ၊ အသုံးချ၍
လုံ့လပညာ၊ ကြိုးစားရှာခဲ့။

❖ မိတ်ကောင်းဆွေကောင်း၊
ဆွေမျိုးအပေါင်းဖော်၊
ရွှင်ပျော်မငြီး၊ တူဖြည့်ဆည်း၍
အပြီးစောင့်ရှောက်၊ ခရီးပေါက်ခဲ့။

❖ မနေမနား၊ စိတ်အားထက်သန်
နိုင်ငံကောင်းကျိုး၊ သယ်ပိုးလိုစိတ်
တဖိတ်ဖိတ်လက်၊ ရှေ့သို့ဆက်ကာ
ပညာအလင်းရောင်၊ ထွန်းညှိဆောင်ခဲ့။

❖ ဩော် . . .
စိတ်ကောင်းစေတနာ၊ မှန်ကန်စွာရှိ
"ကတိသစ္စာ၊ တည်သောခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်"သို့
ကိုယ့်ပြည်အကျိုး၊ သယ်ပိုးလိုစိတ်
ဦးထိပ်ရွက်ရာ၊ သစ္စာကတိ
တည်ကြည်ဘိလျှင်၊ နယ်တစ်ခွင်ဆန့်
ပျံ့နှံ့ထွန်းပြောင်၊ အလင်းဆောင်ကြ
အောင်ရပါပြီ မြန်မာပြည်။
သားကောင်းဇာနည် စွမ်းဆောင်သည်။
ရှေ့သို့သာချီ ဘာမထီ။ ။

**အကျော်ပင်**

# ကော့သောင်းမြို့ (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ တိုင်းရင်းသားရိုးရာပြခန်းအား လွှဲပြောင်းပေးအပ်

ကော့သောင်း စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ တိုင်းရင်းသားရိုးရာပြခန်းအား လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာလ ၂၂ ရက်တွင် ကော့သောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ တိုင်းရင်းသားရိုးရာပြခန်းနှင့်ပတ်သက်၍ မြေနေရာနှင့်အဆောက်အအုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး (၃)မိုင်ပြည်သူ့ရင်ပြင်ရှိ တိုင်းရင်းသားရိုးရာပြခန်းအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့




# သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် တောင်သူများအတွက် အထောက်အကူဖြစ်စေရန်နှင့် ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်အုပ်စုများအလိုက် ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာလ ၂၂ ရက်တွင် ရွာသာယာကျေးရွာအုပ်စုနှင့် ကျေးသားကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပြေကျေသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ လယ်တစ်ဧကလျှင် တစ်သိန်းခွဲအတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေလဆန်းပိုင်းမှစ၍ ထုတ်ချေးပေးခဲ့ရာ လက်ရှိတွင် ကျေးရွာ ၅၈ ရွာမှ တောင်သူ ၇၂၀၃ ဦး၏ လယ်မြေ ၄၀၀၆၅ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၆၀၀၉၇၅၀၀၀၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုကျော်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ FDA မှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုမရှိရေး ကွင်းဆင်းစစ်ဆေး



ပွင့်ဖြူ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် အစားအစာ ဘေးကင်းလုံခြုံစေရေးအတွက် FDA မှ စားသုံးရန်မသင့်သည့် တားမြစ်ထားသောစားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး စက်တင်ဘာလ ၂၁ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာနတို့မှ ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်များသို့သွားရောက်ကာ စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရေးအတွက် FDA မှ စားသုံးရန်မသင့်သည့်တားမြစ်ထားသောစားသောက်ကုန်ပစ္စည်းများနှင့် သက်တမ်းလွန်နေသော စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ၊ မရှိ၊ တရားမဝင်လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လူသုံးကုန်နှင့်စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ ကျန်းမာရေးဘေးကင်းလုံခြုံစေရေးအတွက် တားမြစ်ထားသောလူသုံးကုန်ပစ္စည်းများနှင့် ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်သော စားသောက်ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ဖြန့်ဖြူးရောင်းချခြင်းအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည့် အချက်များနှင့် စားသုံးသူအခွင့်အရေးနှင့် ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို အသိပညာပေးရှင်းလင်းကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# တာမွေမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ အကောင်းဆုံးကျောင်းထူးချွန်ဆုရ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်က ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အနာဂတ်လူရည်မွန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးရရှိသော အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လုံမလေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်၊ လူရည်ချွန်၊ ငါးဘာသာဂုဏ်ထူးရှင်၊ လေးဘာသာဂုဏ်ထူးရှင်၊ သုံးဘာသာဂုဏ်ထူးရှင်၊ နှစ်ဘာသာဂုဏ်ထူးရှင်နှင့် တစ်ဘာသာဂုဏ်ထူးရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပြီး တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့်လည်းကောင်း၊ မုံရွေးရည်သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။



အခမ်းအနားသို့ သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကို၊ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ ကာလသုံးခုတွင် အဓိကအရေးပါသောကဏ္ဍဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများနှင့် ချောင်းကူးမြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ အချိန်မီပေးပို့နိုင်ရေး၊ မှန်ကန်သည့်သတင်းများ ဖြစ်စေရေးသည် အရေးပါသကဲ့သို့ သတင်းအမှားများကို သိရှိရှောင်ရှားနိုင်ရေးသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာကြိုတင်သတိပေးချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဆက်သွယ်ရေးကွန်ရက်များကိုအသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ၍ ကြိုတင်ပြင်ဆင်နိုင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျှော့နည်းအောင်ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများရှိခဲ့ကြောင်း။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် နိုင်ငံတော်က ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် မှန်ကန်မြန်ဆန်စွာသိရှိရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူခြင်း၊ တိကျမှန်ကန်သောအချက်အလက်များ မြန်ဆန်စွာရရှိခြင်းသည် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယနေ့စကားဝိုင်းဆွေးနွေးပွဲသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အကျိုးရှိသောဆွေးနွေးပွဲတစ်ခုဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် လေ့လာမှတ်သား၍ ထပ်ဆင့် မျှဝေပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းဆောင်ရွက်



ပူတာအို စက်တင်ဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာချမ်းသာဘက်စုံသုံးခန်းမဆောင်၌ ဇီအွန်ကျေးရွာနှင့် မူလာအွန်ကျေးရွာမှ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအချက်အလက်များ၊ မဲပေးစက်အသုံးပြု၍ မဲပေးပုံမဲပေးနည်းနှင့်အားသာချက်၊ အားနည်းချက်များကို အသိပညာပေးဆွေးနွေးပြီး မဲဆန္ဒရှင်ပြည်သူများ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပူတာအိုမြို့ ဂန်လန်ရာဇီ ဧည့်ရိပ်သာ၌ ၂၀၂၅ ခုနှစ် ပါဒီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်နှင့်ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ပူတာအိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို) အောင်ဆန်းခန်းမ၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် အသက် ၁၈ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောနေမှုနှင့် ကျောင်းသား ၊ ကျောင်းသူများ လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တောင်ပိုင်း လယ်ယာသား ငါးကဏ္ဍမြှင့်တင်ရေး ဘက်စုံကြိုးပမ်း



နေပြည်တော် စက်တင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း(ဟဲဟိုး)၏သင်ကြားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီး၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းပြီးသည့်အခါ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှုနှင့်ထူးချွန်မှုအလိုက် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် အသစ်ထပ်မံဖွင့်လှစ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးနိုင်မှုအခွင့်အလမ်းများကို ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံထုတ်လုပ်မှုကွင်းဆက်လျော့ကျမှုမရှိစေရေး၊ ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ်ရှိ ကျော့မောင်ငယ်ရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေမှု၊ ရေလွှဲဆည်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွေ့လျားဆိုလာစနစ်သုံး အနိမ့်တင်ပန့်များဖြင့် လယ်မြေများသို့ စိုက်ပျိုးရေတိုးမြှင့်ပေးဝေရေး၊ ရေကြီးရေလျှံမှုလျော့ပါးသက်သာစေရေးအတွက် ရေသွင်းရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ချောင်းကောမြောင်းကော တူးဖော်ခြင်းလုပ်ငန်းများ ဦးစားပေးအလိုက် လျာထားစီမံဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့အဝင် ကျော့မောင်ငယ် ရေလွှဲဆည်ရေသောက်စနစ်အတွင်းရှိ မိုးစပါးစိုက်ခင်းအားကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်သည့် သီးနှံများကို ပေါင်ကြီးတင်စနစ်ဖြင့် စံပြကွက်များဖော်ဆောင်ပေးရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများ သီးနှံစိုက်စွမ်းအားတိုးမြှင့်ပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၃˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၅˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ


အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**မိုး ဆက်လက် ရွာနေမည်**

နေပြည်တော် စက်တင်ဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာနေမည်။ (မိုး/ဇလ)

# တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" (RAGASA) ဖိလစ်ပိုင်ပင်လယ်ပြင် အနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေ





နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကျွန်းစုများကိုဖြတ်ကျော်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" (RAGASA) သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဖိလစ်ပိုင်ပင်လယ်ပြင်အနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိနိုင်ကာ စက်တင်ဘာလ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများမှတစ်ဆင့်စက်တင်ဘာလ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း"ရာဂါဆာ"(RAGASA) လမ်းကြောင်းပြပုံ




# အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၂၂


အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။

(မိုး/ဇလ)




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




➢ **ရှေ့ဖုံးမှအဆက်**

လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှစက်တင်ဘာလ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

⇨ **အင်းလေးဖောင်တော်ဦးဘုရားမှ**

အမှုးပြုသော ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နမ့်ဟူးကျောင်းဆရာတော် ဦးဝိဇယက မာရ်အောင် မင်္ဂလာဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် တောင်ခြေကျောင်းဆရာတော် ဦးကောဝိဒက ကောင်းတင်းခြိမ့်ညံ့ကြွေးကြော်သံ ဂါထာတော်နှင့် ရွှေညဏ်တော်ဖွင့်ဂါထာတော်များ ရွတ်ဖတ်ပူဇော်ပြီး အင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များအား အနေကဇာတင်တော်မူကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ မိုင်းသောက်ပထမစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ညောင်ရွှေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံမည့်အကြောင်း ပင့်ပန်လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားပြီး အင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်လေးဆူကို တာဝန်ရှိသူများက ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါအင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်လေးဆူတို့အား နံနက် ၇ နာရီတွင် အင်းသားရိုးရာဆွဲလှေ ၄၆ စင်းဖြင့် ရေလမ်းခရီးမှ ပင့်ဆောင်ပူဇော်ကြပြီး စက်တင်ဘာလ ၂၂ ရက်တွင် ကြေးပေါ်ခုံစံကျောင်းတော်၌ တစ်ညတာကိန်းဝပ်အပူဇော်ခံမည်ဖြစ်ကာ အင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမစံကျောင်းတော်သို့ ဆက်လက်ကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

■ **ကမ္ဘာ့စက်ရုပ်ပြိုင်ပွဲမှ**

ပထမဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် စက်ရုပ်ကားကို သဘာဝဘေးဒဏ်အန္တရာယ်ကျရောက်သည့်အခြေအနေများတွင် လူဝင်ရောက်ရန်ခက်ခဲသောနေရာများထဲသို့ အလိုအလျောက်သွားလာသောစနစ်ဖြင့် ရှာဖွေကယ်ဆယ်ရေးပြုလုပ်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ပြသမှုဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော We Are Genius MYANMAR အသင်း၌ မိုးပြည့်စုံကျော် ၁၁ နှစ်၊ ကျော်ဘုန်းခန့်ဇော် ၁၁ နှစ်နှင့် ညဏ်ကိုး ၁၂ နှစ်တို့သည် ဟောင်ကောင်၊ တရုတ်၊ ဂျပန်၊ ဂျာမနီ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ မကာအို စသည့်နိုင်ငံများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စက်ရုပ်အိုလံပစ် အာရှပစိဖိတ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု We Are Genius MYANMAR အသင်း၊ ILBC အသင်း၊ CIY Club အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

❍ **ကျောဖုံးမှအဆက်**

မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲစဉ် အုပ်စု(ဇ)တွင် မော်လ်ဒိုက်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာလ ၂၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပညာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု

ဒေါက်တာဇေယျာဝင်း

၂၁ ရာစုကို ပညာခေတ်ဟုသမုတ်ကြသည်။ ပညာခေတ်ဟူသည်နှင့်အညီ ပညာသင်ယူမှုကို အလေးထားလာကြသည်။ ပညာဟုဆိုလိုက်သည်နှင့် တက္ကသိုလ်များ၊ ကောလိပ်များ၊ အသက်မွေးမှုပညာသင်ကျောင်းများသည် ကွဲကူးရေပါဆိုသလို တွဲ၍ မြင်လာကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပညာသည်သာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်ကို သိမြင်လာကြသည်နှင့်အမျှ ပညာသင်ကြားနိုင်မှုအခွင့်အလမ်းများကို တတ်စွမ်းသမျှ အားပေးအားမြှောက်ပြုလာကြသည်။ ထိုသို့မြေတောင်မြှောက်ကြရာတွင် နိုင်ငံတွင်း၌ ပညာသင်ကြားရေးစင်တာများတိုးမြှင့်ဖွင့်လှစ်နိုင်ရေးစီမံကြသည်သာမက နိုင်ငံတကာသို့လည်း ပညာသင်ကြားနိုင်ရေး အစုလိုက်အပြုံလိုက်စေလွှတ်မှုများရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ရှေးကတည်းကပင် ပညာနှင့်ပတ်သက်၍ အလေးထားခဲ့ကြောင်း သမိုင်းကြောင်းများအရရော စာတိုပေစစကားပုံများအရပါ သိရှိနိုင်သည်။ "ပညာရွှေအိုး လူမခိုး၊ ပညာလို အိုသည်မရှိ၊ ကျည်ပွေ့အတက်ပေါက်၊ ပညာသမာ အာဘာနတ္ထိ" စသဖြင့် အစဉ်အဆက်ဆုံးမသွန်သင်ခဲ့ကြသည်။

**ဘွဲ့ဒီဂရီများ**

ပညာရပ်ဆိုင်ရာဘွဲ့ဒီဂရီများသည် လူတစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းမှု၊ ပုဂ္ဂိုလ်ရေးဘဝဖွံ့ဖြိုးမှုနှင့် လူမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် အရေးကြီးသော အဆင့်တစ်ခုဖြစ်သည်။ ဘွဲ့တစ်ခုခုရရှိထားခြင်းသည် အလုပ်အကိုင်ဈေးကွက်တွင် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် တံခါးဖွင့်ပေးသည်။ ဥပမာဆိုရလျှင် ဆေးပညာ၊ အင်ဂျင်နီယာ၊ ဥပဒေ စသည့် နယ်ပယ်များတွင် ဘွဲ့တစ်ခုသည် မရှိမဖြစ်လိုအပ်သည်။ တက္ကသိုလ်ပညာရေးသည် သီအိုရီဆိုင်ရာအသိပညာနှင့် လုပ်ငန်းကျွမ်းကျင်မှုများကို ပေါင်းစပ်ပေးပြီး ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ဘွဲ့တစ်ခုရရှိထားသူများသည် လူမှုအသိုက်အဝန်းတွင် ပိုမိုလေးစားခံရပြီး ပိုမိုမြင့်မားသောဝင်ငွေရရှိရန် အခွင့်အလမ်းများရှိသည်။ တက္ကသိုလ်တွင် ပညာသင်ကြားခြင်းသည် ပေါင်းသင်းဆက်ဆံရေးစွမ်းရည်၊ အဖွဲ့လိုက်လုပ်ဆောင်နိုင်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုတိုးတက်စေသည်။

တက္ကသိုလ်များတွင် မည်သည့်ဘွဲ့အမျိုးအစားကို ရွေးချယ်တက်ရောက်ရမည်နည်းဆိုပါမူ ကိုယ်ပိုင်စိတ်ဝင်စားမှုရှိခြင်း၊ ကိုယ်နှစ်သက်ပြီး စိတ်အားထက်သန်မှုရှိသော ဘာသာရပ်တစ်ခုဖြစ်ရန်လိုအပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ မည်မျှရရှိနိုင်မည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်း၊ ပညာသင်ကြားရေးအတွက် ကုန်ကျစရိတ်နှင့် ပညာသင်ဆုများ၊ ချေးငွေများရရှိနိုင်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်း၊ မိမိနေထိုင်ရာဒေသရှိ လိုအပ်ချက်များနှင့် ကိုက်ညီသော ဘွဲ့တစ်ခုကိုရွေးချယ်ရန်လိုအပ်ခြင်း စသဖြင့်ဘက်စုံထောင့်စုံမှ ထည့်သွင်းစဉ်းစားရမည်။ ပညာသင်ကြားရေးအတွက် စိန်ခေါ်မှုများအနေဖြင့် ကုန်ကျစရိတ်မြင့်မားမှု၊ အချိန်ကုန်လွန်မှု၊ သင်ရိုးညွှန်းတမ်းနှင့် လက်တွေ့ဘဝအကြား ကွာဟမှုများ စသည်တို့ရှိတတ်သည်။ ပညာရပ်ဆိုင်ရာ ဘွဲ့သင်တန်းများတက်ရောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ အနာဂတ်ကို ပုံဖော်ပေးရုံသာမက လူမှုအသိုင်းအဝိုင်းနှင့် နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုသည်။ သင့်လျော်သော ဘွဲ့တစ်ခုရွေးချယ်တက်ရောက်ကာ ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခြင်းအားဖြင့် ဘဝတွင်အောင်မြင်မှုရရှိရန်အဓိကသော့ချက်တစ်ခုဖြစ်လာနိုင်သည်။

ပညာဟုဆိုသည်နှင့် ဘွဲ့ဒီဂရီများကိုပြေးမြင်လေ့ရှိကြသည်။ ဘွဲ့ရပညာတတ်ဟူ၍တွဲလျက်ခေါ်ဝေါ်သုံးနှုန်းမှုရှိကြသည် မဟုတ်ပါလော။ ကောင်းစွာသင်ယူပေါက်မြောက်အောင်မြင်ပြီးသူများကို သက်ဆိုင်ရာတက္ကသိုလ်များမှ ဘွဲ့များပေးအပ်လေ့ရှိကြသည်။ ဥပမာဆိုရပါမူ ဆရာဝန်တစ်ဦးအတွက် သက်ဆိုင်ရာ ဆရာဝန်ဘွဲ့အပြင် အထူးပြုဘာသာရပ်အလိုက် ဘွဲ့လွန်များ၊ ပါရဂူဘွဲ့များရရှိထားလေလေ ယေဘုယျအားဖြင့် အားကိုးယုံကြည်မှုပြုနိုင်လေလေပင်ဖြစ်သည်။ ထို့နည်းတူ အသိပညာရှင်၊ အတတ်နည်းပညာကျွမ်းကျင်မှုများကို ဖြည့်ဆည်းပေးရာတွင် အားနည်းနိုင်သည်။ ထို့ပြင် ဘွဲ့ရများသည် လုပ်ငန်းခွင်၌ လိုအပ်သောကျွမ်းကျင်မှုများ(Soft Skills) ဖြစ်သည့် ပေါင်းသင်းဆက်ဆံရေးစွမ်းရည်၊ အဖွဲ့လိုက်လုပ်ဆောင်နိုင်မှု၊ အချိန်စီမံခန့်ခွဲမှု စသည်တို့တွင် အားနည်းနိုင်သည်။ နည်းပညာနှင့် လုပ်ငန်းခွင်လိုအပ်ချက်များသည် လျင်မြန်စွာပြောင်းလဲလျက်ရှိပြီး ဘွဲ့ရများသည် မိမိတို့အလုပ်ဝင်ရောက်သည့်နယ်ပယ်တွင် ခေတ်မီသောကျွမ်းကျင်မှုများလိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးမှုကြောင့် ဘွဲ့ရများသည် ၎င်းတို့၏ဘွဲ့နှင့် မသက်ဆိုင်သော အလုပ်များလုပ်ကိုင်ရသည်။

သို့ဖြစ်၍ တက္ကသိုလ်များအနေဖြင့် လုပ်ငန်းခွင်လိုအပ်ချက်များနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ဖန်တီးရန်လိုအပ်သည်။ ဥပမာအားဖြင့် နည်းပညာဆိုင်ရာသင်တန်းများ၊ ဒစ်ဂျစ်တယ်စွမ်းရည်များနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံများကို ထည့်သွင်းသင်ကြားရန် လိုအပ်သည်။ အလုပ်သင်အခြေခံဘွဲ့များအပြင် ဘွဲ့လွန်ရရှိမှုအပေါ်မူတည်၍ ရာထူးတိုးခြင်း၊ နေရာချခြင်းများပြုလုပ်ရာတွင် အသုံးဝင်မှု၊ လုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်မှုတို့အပေါ်မူတည်၍ ဆောင်ရွက်သင့်သည်။ မဟာဘွဲ့များ၊ Ph.D ဘွဲ့များရရှိခြင်းကြောင့် မိမိတို့ဌာန/အဖွဲ့အစည်းများအတွင်း၌ နေရာပေးခြင်း၊ ရာထူးတိုးခြင်းများဆောင်ရွက်ကြရာတွင် ရရှိခဲ့သည့်ဘွဲ့၏ ပညာရပ်နယ်ပယ်အပေါ်တွင်သာမူတည်၍ ဆောင်ရွက်သင့်သည်။ သို့မှသာ ၎င်းဌာနများအနေဖြင့် စွမ်းဆောင်ရည်တိုးတက်လာနိုင်ပေမည်။ သတိပြုရမည့်အချက်မှာ မဟာဘွဲ့၊ ပါရဂူဘွဲ့ရတိုင်း ကိစ္စအားလုံးတွင်အလုံးစုံတတ်မြောက်ပြီဟုမဆိုနိုင်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပညာတတ်လူငယ်များအကြားတွင် ရေလိုက်လွဲနေသော ကိစ္စရပ်တစ်ခုလည်းရှိသေးသည်။ ၎င်းမှာ ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ၊ ဘွဲ့တစ်ခုခုရရင်ပြီးရော၊ ဘွဲ့အရေအတွက်များရင်ပြီးရောဆိုသည့်သဘောဖြင့် ပညာသင်ကြားမှုလုပ်ငန်းစဉ်ကိုလွဲမှားစွာအသုံးချနေကြခြင်းပင်ဖြစ်သည်။ ဘွဲ့များရရှိရုံမျှနှင့်မပြီးပေ။ ဌာနများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏ နယ်ပယ်အသီးသီးတွင် ဆုံးခန်းတိုင် စနစ်တကျပညာသင်ကြားအောင်မြင်ပေါက်မြောက်ပြီး ဆိုင်ရာတက္ကသိုလ်အသီးသီးမှ အသိအမှတ်ပြုဘွဲ့လက်မှတ်များ၊ ချီးမြှင့်မှုများရရှိထားလေလေ ၎င်းတို့၏ဆိုင်ရာဘာသာရပ် နယ်ပယ်အတွက် အားကိုးအားထားပြုနိုင်လေလေပင်ဖြစ်သည်။



**လုပ်ငန်းခွင်အံဝင်ခွင်ကျခြင်း**

ပညာရပ်ဆိုင်ရာဘွဲ့ဒီဂရီရရှိထားသူများအနေဖြင့် ၎င်းတို့၏လုပ်ငန်းခွင်အသီးသီးတွင် အံဝင်ခွင်ကျမဖြစ်မှုများနှင့် ရင်ဆိုင်ရခြင်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် တွေ့ကြုံရသည့်ပြဿနာတစ်ခုဖြစ်သည်။ တက္ကသိုလ်များတွင် သင်ကြားပေးသော သင်ရိုးညွှန်းတမ်းများသည် လုပ်ငန်းခွင်၌ လိုအပ်သော လက်တွေ့အတွေ့အကြုံ သို့မဟုတ် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ကိုက်ညီမှုမရှိတတ်ပေ။ ဥပမာဆိုရပါမူ သီအိုရီအာရုံစိုက်သော သင်ရိုးညွှန်းတမ်းများသည် လက်တွေ့လုပ်ငန်းခွင်၌ လိုအပ်သောပြဿနာဖြေရှင်းနိုင်စွမ်း သို့မဟုတ် အစီအစဉ်များ (Internships) သို့မဟုတ် လက်တွေ့လုပ်ငန်းခွင်သင်တန်းများတက်ရောက်ရန်လိုအပ်သည်။ သို့မှသာ လုပ်ငန်းခွင်အတွေ့အကြုံကို တိုးမြှင့်ပေးကာ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။

Soft Skill ဟုခေါ်သည့် ပေါင်းသင်းဆက်ဆံရေးစွမ်းရည်၊ အဖွဲ့လိုက်လုပ်ဆောင်နိုင်မှု၊ ခေါင်းဆောင်မှုစွမ်းရည်များကို သင်ကြားပေးသည့် အလုပ်ရုံဆွေးနွေးပွဲများ(Workshop)နှင့် သင်တန်းများတက်ရောက်ရန် လိုအပ်သည့်အပြင် အသုံးချနိုင်ရန်လိုသည်။ ဘွဲ့ရရုံမျှနှင့်မပြီး လုပ်ငန်းခွင်အတွင်းတွင် လိုက်လျောညီထွေစွာ အလုပ်လုပ်နိုင်ရေး လေ့ကျင့်သင်ယူရန်လည်းလိုသည်။

**ဖွံ့ဖြိုးတိုးတက်မှု**

**နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာအပေါ်တွင် အခြေခံသည်။ ရေမြင့်မှကြာတင့်မည်ဆိုသကဲ့သို့ ပညာမြင့်မှလူမျိုးတင့်မည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် တက္ကသိုလ်အသီးသီးမှ ပညာတတ်မြောက်ပြီး ဘွဲ့ရရှိသူများအား လူမှန်နေရာမှန် စနစ်တကျ အသုံးချနိုင်မှုသည် ပဓာနကျသောအချက်ဖြစ်သည်။**

ကုမ္ပဏီများဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာတွင် ၎င်းဘွဲ့ရပညာတတ်များအား ၎င်းတို့ထမ်းဆောင်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ မွမ်းမံသင်တန်းပေးခြင်းနှင့် အခါအားလျော်စွာ လုပ်ငန်းခွင်ကျင့်ဝတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေးအတွက် အသင်းအဖွဲ့စိတ်ဓာတ်များမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ကြရန်လိုသည်။

အချုပ်ဆိုရလျှင် ဌာန၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ကြရာ၌ လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိရှိထိထိရောက်ရောက် ဖြစ်စေနိုင်ရေးအတွက် ပညာအရည်အချင်းဘွဲ့သတ်မှတ်ချက်များ စနစ်တကျသတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၎င်းတို့အားလုပ်ငန်းခွင်တွင် အံဝင်ခွင်ကျလူမှန်နေရာမှန် ဖြစ်စေရေးအတွက် စနစ်တကျ ရွေးချယ်နေရာပေးသင့်ကြောင်းနှင့် တစ်ဦးချင်းစီကလည်း မိမိတို့လုပ်ကိုင်နေသည့် အလုပ်နှင့်ပတ်သက်သည့်ပညာရပ်များဆည်းပူးခြင်း၊ လေ့ကျင့်သင်ကြားခြင်းများပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတွင် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်းတိကျမှန်ကန်ရေးလုပ်ငန်းစဉ်များဆောင်ရွက်နေမှုသည် အရေးကြီးကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်းအဆင့်ဆင့် စိစစ်၊ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အလေးအနက်ထားကာ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သည့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

ဘားအံ စက်တင်ဘာ ၂၂

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က မဲစာရင်းပြုစုရာတွင် ပြည့်စုံမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူတိုင်းမဲပေးနိုင်ရေး၊ မဲပေးခွင့် မရှိသူများမဲစာရင်းတွင်ပါဝင်ခြင်းမရှိစေရေး ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်း




ကောက်ယူရေးကြီးကြပ်မှု ကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က အလေးအနက်ထားပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဗဟိုအစည်းအဝေးညွှန်ကြားချက်များ၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ e-ID Server အတွင်းဆောင်ရွက်ပြီးစီးမှု၊ ပန်းခင်းစီမံချက်အဆင့် (၃)ဆောင်ရွက်မှု၊ Biometric ကောက်ယူမှု၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေနည်းဥပဒေ၊ မဲစာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက မဲဆန္ဒရှင်စာရင်းများပထမအကြိမ်ကပ်ထားကြေညာနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု၊ လိုအပ်သောမဲပေးစက်များ ထုတ်ယူမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်များအလိုက်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ ရွေးကောက်ပွဲဆောင်ရွက်နိုင်မည့်အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှု၊ မဲရုံလျာထားစာရင်း၊ မဲပေးစက်ဆိုင်ရာအသိပညာပေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းမှန်ကန်ရေးစိစစ်နေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အခြေအနေများကိုရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# Myanmar National League ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း နိုင်ပွဲစတင်ရရှိ




ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ Week 4 အဖြစ်ယှဉ်ပြိုင်သည့် မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းက သုဝဏ္ဏအားကစားကွင်း၌ကျင်းပရာ မဟာယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ်ရာသီတွင် နှစ်သင်းလုံးနိုင်ပွဲမရရှိသေးသည့်အတွက် ယနေ့ပွဲစဉ်၌ နိုင်လိုဇောဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး အပြန်အလှန် တိုက်စစ်များဖြင့်ကစားခဲ့ကြသည်။ ပွဲကစားချိန် ၇ မိနစ်တွင် ထူးဝေယံ၏ဖန်တီးပေးပို့မှုကနေ မဟာယူနိုက်တက်အသင်း တိုက်စစ်မှူး Patrick က အသင်းအတွက် အဖွင့်ဂိုးသွင်း၍ ပြိုင်ပွဲကိုဦးဆောင်ကစားခဲ့သည်။ ပွဲကစားချိန် ၂၁ မိနစ်တွင် ထူးဝေယံကပင် မဟာယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြန်သည်။ နှစ်ဂိုး ဂိုးမရှိရလဒ်ဖြင့်ယှဉ်ပြိုင်လျက်ရှိပြီး ရခိုင်အသင်းချေပဂိုးရရှိရေး ပြိုင်ဘက်ခံစစ်သမားများကို အကောင်းဆုံးကျော်ဖြတ်၍ ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၂၅ မိနစ်တွင် Moustapha က ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

နှစ်ဖက်အသင်းကစားသမားများ ဂိုးထပ်မံရရှိရေး သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၄၅ မိနစ်တွင် အောင်လှိုင်ဝင်း၏ ပေးပို့မှုအား ငြိမ်းချမ်း ခေါင်းတိုက်ချပေးမှုမှတစ်ဆင့် တိုက်စစ်မှူး Patrick က မဟာယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ၃ ဂိုး ၁ ဂိုးဖြင့် မဟာယူနိုက်တက်အသင်းက ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းသည် တိုက်စစ်ထပ်မြှင့်ရန် ကစားသမားများ အပြောင်းအလဲပြုလုပ်၍ ချေပဂိုးထပ်မံရရှိရေးယှဉ်ပြိုင်ခဲ့သလို မဟာယူနိုက်တက်အသင်းကလည်း လက်ရှိအနေအထားဖြင့် ပိုမိုကောင်းမွန်သည့် အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲကပိုမြိုင်လာသည်။ ပွဲကစားချိန် ၈၁ မိနစ်တွင် ရခိုင်အသင်းအတွက် ခင်ကျော်ဝင်းက ဒုတိယဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ၃ ဂိုး၊ ၂ ဂိုးဖြစ်လာ၍ ပြိုင်ပွဲကဘယ်လိုအပြောင်းအလဲတစ်ရပ်ဖြစ်လာမလဲ ပိုစိတ်ဝင်စားမှုကောင်းလာသလို ပြိုင်ဆိုင်မှုလည်းပြင်းထန်လာသည်။ ဒုတိယပိုင်းပြီးလုချိန်ထိ နှစ်ဖက်ကစားသမားများ အကောင်းဆုံးအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ နာကျင်အပိုချိန်တွင် မဟာယူနိုက်တက်အသင်း ပယ်နယ်တီတစ်လုံးရရှိသော်လည်း ဂိုးမဝင်၍ ၃ဂိုး ၂ဂိုးဖြင့် ပြိုင်ပွဲပြီးဆုံးခဲ့ပြီး မဟာယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

ဝန်းရံခ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၅ခုနှစ်၊ (၃၂)ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးအားကစားရုံ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသမီးပန်ကြပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲ စသည့် အမျိုးအစား (၅)မျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း (၁၅) သင်းဖြင့် အောက်တိုဘာလ(၃)ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ၂၀၂၅ ခုနှစ် (၃၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်



တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၂၂-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကလောပင်မဓာတ်အားခွဲရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးအေးကျော် ကွင်းဆင်းကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ၁၃၂ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း ဓာတ်အားထိန်းချုပ်ပို့လွှတ်ဖြန့်ဖြူးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာနှင့် လိုင်းထိန်းသိမ်းရေးများကို အမြဲမပြတ်စစ်ဆေးစောင့်ကြည့်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

စက်တင်ဘာလ ၂၀ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ၌ အမှတ်(၂)စက်ဖြင့် ဓာတ်အားထုတ်လုပ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက်အမှတ်(၁) ပြင်ဆင်နေမှုနှင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်တပ်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ”**ခေါင်းစဉ်ဖြင့် ၂၄-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒလန်စွပ်စွဲလူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့အသက်အိုးအိမ်များစတေးခံနေရ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာ အောင်မြင်စွာထုတ်ပြန်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပံ့ပိုးကူညီပေးကြသည့် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် သန်းခေါင်စာရင်းကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြားမှ စီမံချက်ပါ သတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ ကောက်ယူရရှိသည့်အချက်အလက်များကို အချက်အလက်အသုံးပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ လတ်တလောအသုံးပြုနိုင်ရေးအတွက် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းနောက် စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများနှင့်ပြည်ထောင်စုအစီရင်ခံစာများ ရေးသားပြုစုခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုပြုစုပြီးဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာတွင် လူဦးရေဆိုင်ရာအချက်အလက်များ၊ ပြည်တွင်း/ပြည်ပရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားခြင်း၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း စသည့်အကြောင်းအရာများပါဝင်ကြောင်း။

ပြည်ထောင်စုအစီရင်ခံစာနှင့်အတူ အချက်အလက်အသုံးပြုသူများ လွယ်လွယ်ကူကူသိရှိအသုံးပြုနိုင်ရန် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများ အစီရင်ခံစာတို့ကိုပါ တစ်ပါတည်း ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုရမည့် လူဦးရေနှင့်လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ်ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ သန်းခေါင်စာရင်း၏အနှစ်သာရသည် စာရင်းကောက်ယူနိုင်ခြင်းသာမက သန်းခေါင်စာရင်းအချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စာရင်းအင်းအသုံးပြုသူများ လက်ဝယ်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်မှသာ သန်းခေါင်စာရင်းအောင်မြင်သည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ကြေညာမည့် နိုင်ငံတော်အဆင့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍သတ်မှတ်ချိန်အမီပြီးစီးရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ အချင်းချင်းပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကျင်းပနိုင်ရေးအခြေအနေနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ဆက်စပ်ဌာနများမှကိုယ်စားလှယ်များက ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





ရန်ကုန် စက်တင်ဘာ ၂၂

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဖြစ်လာမည့် အရာရှိကြီးများအား နိုင်ငံတော်၏မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းစွာသဘောပေါက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများသိရှိနားလည်စေရန်၊ ဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများပိုမိုကျေညက်စေရန်၊ ဆန်းသစ်သောအတွေးအခေါ်၊ အယူအဆများနှင့်ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားစေရန်နှင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကို ရှေးရှုပြီး အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်စေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်၍ အရည်အချင်းများပြည့်မီရန်၊ နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ခွဲခြားသိမြင်ပြီး နိုင်ငံ့ဝန်ထမ်းပီသစွာ နိုင်ငံအပေါ်သစ္စာရှိကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂)သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၂ ရက်မှ နိုဝင်ဘာလ ၁၉ ရက်အထိဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၄-၉-၂၀၂၅)ရက်နေ့ ည ၈ နာရီမှ (၂၁-၉-၂၀၂၅)ရက်နေ့ ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့်လက်ဝှေ့အားကစားအဖွဲ့များလေ့ကျင့်နေမှုနှင့် နိုင်ငံတော်ဧည့်ဂေဟာဝင်း အတွင်းရှိ ဟိုတယ်များ ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင် ကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလက်ဝှေ့လေ့ကျင့်ရေးရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဂျူဒိုနှင့်လက်ဝှေ့အားကစားအဖွဲ့များ အရှိန်အဟုန်မပြတ်ကြိုးစားလေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေးကွင်းရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ နည်းစနစ်ပိုင်းဆိုင်ရာလေ့ကျင့်နေမှု၊ အမျိုးသား(Nage-no-kata)နှင့် အမျိုးသမီး (Ju-no-kata) လေ့ကျင့်နေမှုတို့ကိုကြည့်ရှုအားပေးပြီး အားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်နိုင်သူများဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့ရရှိထားသည့် စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျလေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများများ ရရှိစေရန် အကြီးတန်းနှင့်အငယ်တန်းပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး အားကစားသမားများ၏အခြေအနေများကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင်သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ဟိုတယ်များပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ဧည့်သည်လက်ခံနိုင်ရေးနှင့် ဝန်ဆောင်မှုပေးရန်ပြင်ဆင်ထားရှိမှု၊ ဟိုတယ်အလိုက် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့်အခမ်းအနားများ အဆင့်အတန်းမီစွာလက်ခံကျင်းပနိုင်ရေးအတွက် အဆင့်မြှင့်တင်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံအကောင်အထည် ဖော်ခြင်းဆိုင်ရာ တရုတ်-မြန်မာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် China Media Group (CMG)တို့ ပူးပေါင်းကျင်းပသည့် အတူဆွေးနွေးခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူမျှဝေခြင်း"ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ" အကောင်အထည်ဖော်ခြင်းဆိုင်ရာ တရုတ်-မြန်မာဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဝါရင့်အကြံပေးပုဂ္ဂိုလ် ဒေါက်တာနိုင်ဆွေဦးနှင့်အဖွဲ့ဝင် ဒေါက်တာခင်မောင်လွင်၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ အမျိုးသားဒီဂရီကောလိပ်မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ "ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ" မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံမှူးကြီး Dr. Zheng Zhihong က ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံသည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအမံတို့နောက်တွင် တရုတ်နိုင်ငံမှ ထပ်မံအဆိုပြုသည့် နောက်ထပ်အရေးပါသောအစီအမံတစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်ကိုကြည့်ပါက တရုတ်နိုင်ငံသည် တာဝန်ယူမှုရှိသောနိုင်ငံကြီး၏အခန်းကဏ္ဍကို ဆက်လက်ဖော်ထုတ်၍ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးနှင့် ပြည့်စုံတိုးတက်မှုရှိစေရေးအတွက် နည်းလမ်းများနှင့် ခွန်အားများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နိုင်ငံရေးရာစီမံခန့်ခွဲမှုအတွေ့အကြုံ ကူးလူးဖလှယ်မှုများတိုးမြှင့်လုပ်ဆောင်ပြီး ခေတ်မီတိုးတက်ရေးလမ်းကြောင်းပေါ်တွင် အတူလက်တွဲချီတက်ကာ တရုတ်- မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို ရေရှည်တည်ငြိမ်စွာတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် "ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ၏ အနှစ်သာရ၊ ယနေ့ကမ္ဘာကြီးအတွက် အရေးပါမှုနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံမှ ဖော်ဆောင်ပေးသောလမ်းစ" စသည့်ခေါင်းစဉ်တို့ဖြင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောဆောင်သည့်သက်ရောက်မှုတို့ကို မတူညီသောရှုထောင့်များဖြင့် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**



# ပွင့်လင်းရာသီရောက်ပြီဖြစ်၍ ဝါးနက်ဆင်စခန်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလာ

မန္တလေး စက်တင်ဘာ ၂၂

မန္တလေး၊ ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ဂိတ်မှ ၅ မိုင်ခန့်အကွာရှိ အရိပ်အာဝါသကောင်းမွန်ပြီး အေးချမ်းစွာအပန်းဖြေအနားယူနိုင်သည့်အပြင် ဆင်များဖြင့် ဝန်ဆောင်မှုပေးနေသည့်ဝါးနက်ဆင်စခန်းသို့ပွင့်လင်းရာသီရောက်ပြီဖြစ်၍ လာရောက်လည်ပတ်သူခရီးသွားဧည့်သည် များပြားလာကြောင်း ဝါးနက်ဆင်စခန်းမှ တာဝန်ရှိသူကပြောသည်။

အဆိုပါဆင်စခန်းတွင် ဆင်ကြီးရှစ်ကောင်နှင့် ဆင်ပေါက်ကလေးသုံးကောင်ရှိပြီး ဆင်များအား ဆင်စာဘူဖေးကျွေးသူများ၊ တစ်နိုင်တစ်ပိုင် ဆင်စာကျွေးသူများနှင့် ဆင်ပေါက်ကလေးသုံးကောင်ကို လာရောက်ကြည့်ရှုသူများဖြင့် လည်ပတ်သူများပြားလာကြောင်းသိရသည်။

"ပွင့်လင်းရာသီရောက်ပြီ ဖြစ်သလိုမကြာခင် သီတင်းကျွတ်ကျောင်းပိတ်ရက် ရုံးပိတ်ရက်ရှည်ရောက်တော့မှာပါ။ အဲဒီအချိန်ဆိုရင် ဆင်စခန်းကိုလာတဲ့သူပိုများတယ် ။ လာရောက်လည်ပတ်သူက တစ်လကို ၁၀၀၀ ၊ ၁၅၀၀ ဝန်းကျင်လောက်ရှိပြီး တချို့က ဆင်ပေါက်ကလေးတွေကို သဘောကျလို့ လာကြည့်ကြတာလည်းရှိတော့ ဧည့်သည်ပိုများလာတာပါ။ ဝင်ကြေးက




ပြည်တွင်းဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀ ၊ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀ ၊ ဆင်စီးခက ပြည်တွင်းဆိုရင် ငွေကျပ် ၅၀၀၀ နဲ့ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀ ပါ" ဟု စခန်းမှတာဝန်ရှိသူကပြောသည်။

ဆင်စခန်းတွင် ဆင်အထီးသုံးကောင်နှင့် အမငါးကောင်အပြင် ဆင်ပေါက်ကလေးများရှိရာ တစ်နှစ်ရှစ်လသားအရွယ်ရှိ ငြိမ်းချမ်းဦး(အထီး)၊ ကိုးလသားအရွယ်ရှိ ငြိမ်းချမ်းအောင်(အထီး)နှင့် ငါးလသားအရွယ်ရှိ ငြိမ်းချမ်းမေ(အမ)ဟူ၍ သုံးကောင်ရှိရာ အဆိုပါဆင်ပေါက်ကလေးများ၏ ပြုမူဆော့ကစားနေမှုများကို ဧည့်သည်များ သဘောကျနှစ်သက်ကြကြောင်း သိရသည်။

"ဒီနှစ်ခရီးသွားရာသီမှာ ဆင်စခန်းအနီးက သုံးထပ်ရေတံခွန်ကို ဆင်စီးပြီးလမ်းတစ်ဝက်အထိ အလည်အပတ်ပို့မယ့် ဝန်ဆောင်မှုအစီအစဉ်ရှိတယ်။ တော်တော်သာယာပြီး စခန်းကနေ တစ်နာရီလောက်သွားရတဲ့နေရာပါ။ မကြာခင် ခရီးသွားရာသီနဲ့၊ ကျောင်းနဲ့ ရုံးပိတ်ရက်ရှည်ရောက်တော့မှာဆိုတော့ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်များမှာဖြစ်လို့ အေးအေးချမ်းချမ်း အနားယူအပန်းဖြေနိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝန်းကျင်တွင် စားပင်နှင့်အရိပ်ရအပင်များစိုက်ပျိုးထားပြီး နားနေရန်အဆောင်များ ပြင်ဆင်ထားရှိခြင်း၊ အရိပ်ကောင်းသည့်နေရာများတွင် ခုံတန်းလျားများထားရှိခြင်း၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ တောတွင်းခရီး မိနစ် ၃၀ ဆင်စီးခရီးဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဆင်များအားအစာကျွေးခြင်း စသည်ဖြင့်အပန်းဖြေအနားယူနိုင်ကြောင်း သိရသည်။

**အောင်အောင်**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Rainfed paddy planted on more than 65,000 acres of farmlands in Kalay Township



KALAY September 22

Local farmers have grown 65,757 acres of rainfed paddy in Kalay Township of Sagaing Region, according to the Township Agriculture Department.

In the 2025–2026 monsoon crop season, Kalay Township has planned to cultivate 127,157 acres of rainfed paddy. Cultivation began in June this year, and as of today, 65,757 acres have already been planted.

"This year, in Kalay Township, we have planned to grow over 120,000 acres of rainfed paddy. Up to now, more than 65,000 acres have been cultivated. Efforts are being made to meet the targeted acreage. The necessary technology and quality seed varieties will be provided for rainfed paddy cultivation. Field-level assistance is also being given to ensure that farmers can plant on time," said Daw Marn Aue, Head of the Kalay Township Agriculture Department.

It is reported that, during this year's monsoon crop season, the Township Agriculture Department and local farmers are cooperating to ensure systematic cultivation of rainfed paddy without difficulties.

Farmers engaged in rainfed paddy cultivation in Kalay Township are being provided with agricultural technology, awareness on pest control, and guidance to prevent crop losses. They are also being advised to ensure that harvested paddy is properly covered and stored in time.

To achieve successful yields and improved productivity from this year's rainfed paddy fields in Kalay Township, the Township Agriculture Department and its staff are providing field-level technical support. This includes the selection of good-quality and pure seed varieties, pest management, proper weeding and thinning, removal of mixed varieties, and systematic application of fertilizers.

**SK**

# More than 7,000 acres of groundnut planted in Myinmu Township this year



MYINMU September 22

Statistics of Sagaing District Agriculture Department stated that local farmers have so far planted 7,474 acres of groundnut as monsoon crops in Myinmu Township of Sagaing Region.

For the 2025–2026 monsoon crop season, it was planned to cultivate 25,980 acres of groundnut in Myinmu Township. Cultivation began in June this year, and as of today, a total of 7,474 acres have been planted.

Sagaing District Agriculture Department Head, Daw Thida Lwin, said: "This year, the target for Myinmu Township is over 20,000 acres of groundnut. Up to now, more than 7,400 acres have been cultivated, and efforts are being made to meet the planned target. As an oil crop, groundnut is in a successful state, and cultivation is improving year by year."

In Myinmu Township, groundnut cultivation requires about one and a half baskets of seed per acre, with costs including seed expenses, labour charges, fertilizers, and pesticides totaling more than Ks-200,000 per acre. On average, one acre yields over 50 baskets.

This year, the Township Agriculture Department staff members have been conducting field inspections and keeping monitoring records in order to ensure successful cultivation, prevent pest and disease outbreaks, and control weeds in groundnut fields.

**SMK**

# Homalin District expands cultivation of vegetables exceeding the target

HOMALIN September 22

According to Homalin District Agriculture Department, local farmers expanded cultivation of vegetables in Homalin District of Sagaing Region, exceeding the target cultivation.

For the 2025–2026 monsoon crop season, it is planned to cultivate 1,260 acres of vegetables in Homalin District. Cultivation began in May this year, and so far, 1,105 acres have been planted in Homalin Township and 271 acres in Mopailuk Town, totaling 1,376 acres—already exceeding the target.

By township, the initial plan was 1,110 acres in Homalin Township and 150 acres in Mopailuk Town, totaling 1,260 acres. During this crop season, the Township Agriculture Departments are conducting training for farmers on GAP cultivation, providing knowledge to ensure the vegetables produced are safe for consumption, and encouraging expanded vegetable cultivation.

In Homalin District, seasonal vegetable cultivation is carried out every year. These crops have proven successful, generating household income. The Township Agriculture Departments are also providing technical knowledge to farmers on proper cultivation methods, pest prevention, the use of natural fertilizers, as well as the preparation and use of natural pesticides and repellents.

**SMK**

# Farmers finish cultivation of green gram in Shwebo Township

SHWEBO September 22

Local farmers have planted 4,4,06 acres of green gram as monsoon crops in Shwebo Township of Sagaing Region, according to the Township Agriculture Department.

For the 2025–2026 monsoon crop season, it was planned to cultivate 2,651 acres of green gram in Shwebo Township. Cultivation began in May this year, and as of today, 4,405 acres have already been planted, exceeding the target.

Shwebo Township Agriculture Department Head, U San Oo, said: "This year, the target for green gram in Shwebo Township was over 2,600 acres. Up to now, more than 4,400 acres have been planted, surpassing the plan. Regarding green gram cultivation, we are providing education to farmers to encourage expansion and to use good quality and pure seeds to achieve higher yields."

This year, the Township Agriculture Department is providing farmers with knowledge on using high-quality and locally suitable seeds, ensuring seed purity, following proper cultivation practices, preventing pest infestation, applying fertilizers systematically, and improving yields.

**SK**

# Local farmers plant over 7,000 acres of sunflower in Sagaing Township



SAGAING September 22

According to Sagaing Township Agriculture Department, local farmers planted 7,045 acres of sunflower as monsoon crops in Sagaing Township of Sagaing Region this year.

Local authorities earmarked 12,366 acres of sunflower in the township this monsoon but farmers grew 7,045 acres of crops against the target cultivation.

"This year, during the 2025–2026 rainy season crop period in Sagaing Township, more than 10,000 acres of sunflower are planned for cultivation. So far, over 7,000 acres have already been planted, and cultivation is still continuing. Efforts are being made to meet the target acreage. To help reduce the country's reliance on imported palm oil, sunflower—a major oil crop—is being expanded. The oil yield per acre from sunflower is higher than that of groundnut or sesame. Sunflower is cultivated only in the cold season," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

It is reported that to expand sunflower cultivation in Sagaing Township, the Township Department of Agriculture is intensifying educational training programs, both to strengthen departmental staff capacity and to increase the capacity of farmers who grow sunflower.

This year, farmers in Sagaing Township who are cultivating sunflower are being supported with seed supplies, access to Urea fertilizer at subsidized prices, and distribution of sunflower varieties through farmer-to-farmer exchange systems.

**SK**

# Monywa Township plants more than 9,000 acres of green gram

MONYWA September 22

According to the statistics of Monywa Township Agriculture Department, local farmers have planted 9,007 acres of green gram as monsoon crops in Monywa Township of Sagaing Region.

During the 2025-2026 monsoon cropping season, a total of 10,300 acres of green gram are planned for cultivation in Monywa Township. Cultivation began in May this year, and so far 9,007 acres have already been planted, according to reports.

"This year, more than 10,000 acres of green gram are planned for cultivation in Monywa Township during the monsoon season. As of today, over 9,000 acres have already been cultivated. Efforts are being made to meet the targeted acreage. In relation to green gram cultivation, awareness programs are being carried out to encourage farmers to expand cultivation and to use quality and pure seeds in order to achieve good yields," said U Soe Thet Aung, Head of the Township Agriculture Department in Monywa.

This year, the Township Agriculture Department is providing local farmers with technical knowledge on the use of suitable and pure seed varieties, correct cultivation methods, pest prevention, systematic use of fertilizers, and ways to improve yield.

It is also reported that, during this year's monsoon season, in the cultivation of various pulses, the department is working together with farmers to ensure higher yields and better quality by providing good seed varieties, necessary inputs, and post-harvest technology.

**SMK**

# Plan underway to grow over 6,000 acres of vegetables in Mawlaik District

MAWLAIK September 22

Tamu District Agriculture Department stated that local farmers plan to grow 6,585 acres of vegetables in Mawlaik District of Sagaing Region in coming cold season.

For the 2025–2026 cold season crop period, it is planned to cultivate 2,679 acres of vegetables in Mawlaik Township and 3,906 acres in Phaungpyin Township, totaling 6,585 acres across Mawlaik District.

"This year, over 6,000 acres of vegetables are planned for cultivation in Mawlaik District during the cold season. Efforts will be made to achieve the target acreage. The crops include mustard, chilli, spices, potato, cabbage, eggplant, and cauliflower," said Daw Kywe Kywe Hlaing, Head of Mawlaik District Department of Agriculture.

It is reported that this year, the Township Departments of Agriculture in Mawlaik District are providing farmers with technical training on GAP-based cultivation methods, ensuring that vegetables produced from the fields meet health standards, and supporting farmers to expand their vegetable cultivation.

Vegetables are grown seasonally each year in Mawlaik District, and these crops have thrived successfully, providing household income. For farmers cultivating vegetables, the Township Departments of Agriculture are also giving guidance on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and bio-insect repellents.

**SMK**

# Kyunhla Township finishes cultivation of maize as monsoon crops

KYUNHLA September 22

Local farmers have exceeded cultivation of maize more than the target cultivation in Kyunhla Township of Sagaing Region this year, according to Kyunhla Township Agriculture Department.

During the 2025–2026 monsoon cropping season, 14,995 acres of maize (seed production) were planned for cultivation in Kyunhla Township. Cultivation began in June this year, and as of today, 15,016 acres have already been planted, exceeding the original target, according to reports.

"This year, more than 14,000 acres of maize seed production were planned for cultivation in Kyunhla Township during the monsoon season. As of today, over 15,000 acres have been cultivated, which is above the planned target. To ensure successful maize production, awareness programs are being carried out, including guidance on preventing pest and disease outbreaks," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

This year, the Township Agriculture Department has been providing maize and sweet corn farmers with training sessions, demonstration field activities, pest prevention awareness, and technical guidance on integrated pest management. This includes the use of neem-based pesticides and appropriate insecticides for stem borers and shoot flies.



It is also learned that in Kyunhla Township, maize seed production yields over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with production costs also exceeding Ks-500,000 per acre.

**SK**

# Super typhoon Ragasa batters northern Philippines



MANILA September 22

Super Typhoon Ragasa slammed into the northern Philippines on Monday, unleashing torrential rains and strong winds that triggered flooding, toppled trees, and tore roofs off homes.

The intense weather prompted the evacuation of more than 10,000 residents as authorities scrambled to ensure public safety. Roads in many areas became impassable due to rising floodwaters, further complicating relief efforts.

Ragasa, combined with an enhanced southwest monsoon, led to the suspension of work in government offices and classes at all levels in Metro Manila and 29 provinces on Monday.

The Philippines' state weather bureau, PAGASA, said in its latest advisory that Ragasa was moving westward at 25 km per hour, packing winds of 215 km per hour and gusts up to 295 km per hour.

Ragasa is expected to exit the Philippine Area of Responsibility by Tuesday morning, said PAGASA.

On average, around 20 typhoons strike the Philippines annually. The archipelago is particularly vulnerable to tropical cyclones, which often bring heavy rains, flooding, and strong winds, resulting in casualties and destruction of crops and properties. **Xinhua**

# Moscow ready to respond to any threat – Putin

MOSCOW September 22

Russia is ready to respond to any threats, President Vladimir Putin has said, adding that Moscow still supports a diplomatic path to ease tensions despite the West's destructive policies.

Speaking ahead of the Security Council meeting on Monday, Putin sounded the alarm with regard to the "extreme danger of further deterioration" of the geopolitical situation, particularly amid the Ukraine conflict.

He added that while Russia had offered "specific ideas" to correct this trajectory, these "warnings and initiatives received no clear response."

"There should be no doubt about this: Russia is capable of responding to any existing and newly emerging threats. Responding not with words, but through the application of… military-technical measures," Putin warned.

He noted Moscow's decision to abandon the unilateral moratorium on the deployment of ground-based intermediate- and shorter-range missiles last month, describing it as "a forced step" caused by the need to counter plans to deploy US- and other Western-made missiles in Europe and the Asia-Pacific region.

Putin stressed, however, that Russia is not interested in warmongering and saber-rattling. "We are confident in the reliability and effectiveness of our national deterrent forces, but at the same time we are not interested in further escalating tensions or fueling an arms race."

Putin signaled that Moscow is ready to prolong the 2010 New START Treaty, the last remaining arms control pact between Russia and the US, which expires in February. It limits each side to no more than 1,550 deployed strategic nuclear warheads and 700 deployed delivery systems, and provides for inspections and data exchanges to verify compliance.

This initiative, Putin said, "could make a significant contribution to creating an atmosphere conducive to substantive strategic dialogue with the United States." **RT**

# Putin's proposal to extend New START Treaty limits by 1 Year 'Positive' - Think Tank

WASHINGTON September 22

Russian President Vladimir Putin's offer to extend compliance with nuclear arsenal limits under the New START Treaty by a year is a welcome step, Arms Control Association Executive Director Daryl Kimball told Sputnik on Monday.

"This is positive move, and one that many of us have been advocating. By agreeing not to exceed the current strategic nuclear limits, they could reduce tensions, forestall a costly arms race that no one can win, create diplomatic leverage to curb the buildup of China's arsenal, and buy time for talks on a broader, more durable, treaty," Kimball said.

US President Donald Trump ought to respond positively to Russian President Vladimir Putin's proposal to prolong the New START Treaty by one more year, Kimball said.

"We strongly encourage President Trump to reciprocate and urge the Kremlin and the White House to immediately direct their teams to begin negotiations on a new more comprehensive agreement or agreements that address difficult issues with which the two sides have long struggled," Kimball said.

Kimball noted that this should involve verifiable reductions in strategic nuclear weapons, constraints on intermediate-range and sub-strategic arsenals, along with limits on missile defense, space-based weaponry, and long-range conventional strike capabilities.

Russia and the United States could jointly call on China, France, and the United Kingdom to report on their nuclear arms arsenals in an attempt to expand the disarmament effort, Daryl Kimball said.

Kimball welcomed Putin's initiative as a "positive move" that would provide additional time for talks on a new treaty.

Earlier in the day, Russian President Vladimir Putin said that Moscow is ready to continue to adhere to restrictions under New START (New Strategic Arms Reduction Treaty) for one year after the agreement expires on February 5, 2026. The steps to comply with the New START Treaty will be effective if the US reciprocates, Putin pointed out.

**Sputnik**

# Two-state solution only feasible way to resolve Israel-Palestine conflict: Kremlin

MOSCOW September 22

Russia believes that a two-state solution between Israel and Palestine would end the fighting in the Middle East, Kremlin Spokesman Dmitry Peskov said on Monday when commenting on the recognition of Palestine by a number of Western countries.

"We remain committed to the fundamental resolutions of the UN Security Council and adhere to the international consensus on resolving the Palestinian-Israeli issue on the basis of a two-state solution," Peskov said.

He added that Moscow regards this solution as the "only feasible way" to resolve the current conflict, noting that "the current Palestinian-Israeli conflict is perhaps in the most acute and tragic phase of its entire history."

The Israeli military operation in the Gaza Strip since October 2023 has resulted in the deaths of over 65,200 people and injuries to more than 166,000 others.

On Sunday, Britain, Australia, Canada and Portugal announced their formal recognition of Palestine as a sovereign state. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Paracetamol may trigger autism and pregnant women should avoid taking it, US will warn today




President Trump is expected to announce a link between taking paracetamol during pregnancy and autism later today—and it's not the first time the over the counter painkiller has been cited as a cause for the neurodevelopment disorder.

Paracetamol—official known as acetaminophen and often sold under the brand name Panadol in the UK and Tylenol in the US—is widely used by expectant mothers to treat pain, headaches and fever.

Paracetamol is currently recommended by the NHS as the 'first choice' painkiller for expectant mothers, but only for short periods and at the lowest effective dose.

Around half of pregnant women in the UK take paracetamol, and in the US the figure rises to around 65 percent.

Health chiefs advise that only certain people — such as those with liver or kidney disease or taking epilepsy medication — need to exercise extra caution.

Dozens of studies have already linked it to higher rates of autism and attention deficit hyperactivity disorder (ADHD).

But new reports claim that the US leader, 79, will formally make the link after a federal review into what is driving rising rates of autism across the country, an initiative spearheaded by Trump's controversial health secretary Robert F Kennedy Jr.

In August, Harvard scientists warned that pregnant women should only take paracetamol under the advice of their doctors.

US researchers from Mount Sinai and Harvard's School of Public Health analysed more than 100,000 people, and their findings provided the 'strongest evidence so far' of a link.

They urged mothers-to-be to use paracetamol sparingly, recommending only 'the lowest effective dose for the shortest possible time.'

However, the team stressed the findings do not prove the drug directly causes neurodevelopmental disorders—only that the association is consistent and worrying enough to demand further investigation.

Dr Diddier Prada, assistant professor of population health science at Mount Sinai Hospital in New York and co-author of the study, said: 'Our findings show that higher-quality studies are more likely to show a link between prenatal acetaminophen exposure and increased risks of autism and ADHD.'

He added: 'Given the widespread use of this medication, even a small increase in risk could have major public health implications.'

But he stressed that women should not suddenly stop taking it.

'Pregnant women should not stop taking medication without consulting their doctors. Untreated pain or fever can also harm the baby.

'Our study highlights the importance of discussing the safest approach with health care providers and considering non-drug options whenever possible.'

To reach their conclusion, the US researchers reviewed 46 separate studies involving more than 100,000 participants.

The team collected detailed data on when paracetamol was taken—whether in the first, second or third trimester, or throughout the whole pregnancy—and linked it with mothers' medical records.

Writing in the journal Environmental Health, they concluded: 'Ultimately, the obtained scores suggest strong evidence of a likely relationship between prenatal acetamino- phen use and increased risk of ADHD in children.

'This includes high-quality studies that provide very strong evidence of an association and studies that provide strong evidence of an association.'

They added: 'There was strong evidence of a relationship between prenatal acetaminophen use and increased risk of autism in children.'

In 2021, a study using health data from more than 70,000 children in six European countries—including the UK—was analysed by a team from the University of Barcelona.

Fifty-six percent of the mothers who had children on the autism spectrum or with ADHD took paracetamol while pregnant, the researchers discovered.

Previous studies found that paracetamol can enter the body of the baby and release toxins that have been linked to poorer cognitive performance and behaviour problems in children.

However, experts have long urged for caution about the suggested link.

Professor Andrew Whitehouse, the Angela Wright Bennett Professor of Autism Research at The Kids Research Institute Australia, said that the findings are inconsistent.

Speaking today, he said: 'There has been research exploring whether taking acetaminophen (also called paracetamol) during pregnancy could increase the likelihood of the offspring of the pregnancy being diagnosed with autism.

'Some studies have reported small associations, but these findings are not consistent and do not prove that acetaminophen directly causes autism.

'Autism is a complex condition influenced by many genetic and environmental factors. Any small associations in this area need to be weighed against the risk of untreated high fever in pregnancy for the woman and the developing baby.'

Autism is not a disease and is present from birth, although it may not be recognised until childhood or even much later in life.

It exists on a spectrum: while some people can live independently with little support, others may need full-time care.

Meanwhile, NHS figures show more than 230,000 people in England are now prescribed ADHD medication to manage symptoms such as inattention and hyperactivity.

Prescription rates jumped by a fifth last year — the sharpest annual rise since records began in 2015.

The surge has been driven largely by women in their 20s and 30s, though prescriptions for children are also climbing.

Experts have voiced concern that some private clinics are over-diagnosing the condition and handing out powerful stimulant drugs too freely.

But others argue that far from being over-diagnosed, many adults are only now getting the help they were long denied.

ADHD was only formally recognised in the UK as a disorder that persists into adulthood in 2008—until then it was seen solely as a childhood problem that children would 'grow out of.'

In the US, meanwhile, an estimated 2.3 million children and seven million adults have ASD.

Diagnoses have risen sharply over the past two decades, according to shifting statistics from the Centers for Disease Control and Prevention.

In 2000, about 1 in 150 children received an ASD diagnosis; by 2020, that figure had climbed to 1 in 31, a near-quadrupling that reflects both greater awareness and evolving diagnostic criteria.

**Mail Online**

# ရေငုပ်သင်္ဘောများကို အဆင့်မြှင့်တင်နိုင်ဖို့ အိန္ဒိယက ဓာတ်ပေါင်းဖိုအသစ်ကိုဖန်တီးနေ



အိန္ဒိယနိုင်ငံရဲ့ နျူကလီးယားသုတေသနဌာနက ရေတပ်ရဲ့အနာဂတ်ရေငုပ်သင်္ဘောများကို အဆင့်မြှင့်တင်နိုင်စေဖို့အတွက် နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ကိုဖန်တီးနေတယ်လို့ဆိုပါတယ်။ အဆင့်မြှင့်တင်တယ်ဆိုတဲ့နေရာမှာ ပင်လယ်ထဲအချိန်ကြာမြင့်စွာနေထိုင်နိုင်စွမ်းရှိစေဖို့လည်းပါဝင်ပါတယ်။

မွမ်ဘိုင်းမြို့ရှိ ဘာဘာအဏုမြူသုတေသနဌာနက နျူကလီးယားဓာတ်ပေါင်းဖိုအသစ်ကို ဖန်တီးနေတာဖြစ်ပြီး သူတို့ဖန်တီးနေတဲ့ ဓာတ်ပေါင်းဖိုအသစ်က လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မယ်လို့ဆိုပါတယ်။ Time of India သတင်းဌာနရဲ့ စက်တင်ဘာလ ၂၁ ရက်ထုတ်ပြန်ချက်တစ်ခုအရဆိုရင် ဒီစီမံကိန်းဟာထိပ်တန်းလျှို့ဝှက်စီမံကိန်းဖြစ်တယ်လို့ အမည်မဖော်လိုသူတစ်ဦးက ပြောကြောင်း ဖော်ပြထားပါတယ်။

အဲဒီဓာတ်ပေါင်းဖိုက သန့်စင်ထားတဲ့ယူရေနီယံကိုအသုံးပြုပြီး ဖိအားပေးရေပေါ့အမျိုးအစားဖြစ်တယ်လို့လည်း သတင်းဌာနကဆက်လက်ဖော်ပြထားပါတယ်။ ဒီဓာတ်ပေါင်းဖိုတွေကိုတော့ အိန္ဒိယကလက်ရှိတည်ဆောက်နေတဲ့ S5 Nuclear အတန်းအစား ရေငုပ်သင်္ဘောနဲ့ Project 77 လို့အမည်ပေးထားတဲ့ နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘောခြောက်စင်းမှာတပ်ဆင်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒီဇိုင်းပိုင်းကိုအတည်ပြုထားပြီးပါပြီ။

**Ref: IE**

**ကိုထက်**

# အမေရိကန်က ပေါင်ချိန် ၁၃၀၀၀၀ ရှိ နျူကလီးယားဒုံးကျည်ကို ပစ်ခတ်စမ်းသပ်ဟုဆို

အမေရိကန်ရေငုပ်သင်္ဘောတစ်စင်းက စက်တင်ဘာလ ၂၁ ရက်ညပိုင်းမှာ မြောက်အတ္တလန္တိတ်ဒေသရှိ ရေနက်ပိုင်းမှနေပြီး ပေါင်ချိန် ၁၃၀၀၀၀ ရှိတဲ့ နျူကလီးယားဒုံးကျည်တစ်စင်းကို ပစ်ခတ်စမ်းသပ်လိုက်တယ်လို့ အွန်လိုင်းပေါ်မှာထွက်ပေါ်လာတဲ့ဗီဒီယိုများအရ သိရပါတယ်။

အခုပစ်ခတ်စမ်းသပ်လိုက်တဲ့ နျူကလီးယားဒုံးကျည်ဟာ UGM–133 Trident II D5 အမျိုးအစား ဒုံးကျည်ဖြစ်ပါတယ်။ အဲဒီဒုံးကျည်ဆိုတာက ရေငုပ်သင်္ဘောကနေပစ်လွှတ်ရတဲ့အမျိုးအစားပါ။ သူ့ကိုပိုင်ဆိုင်ထားသူက အမေရိကန်ပြီးရင် ဗြိတိန်နိုင်ငံသာရှိတာကြောင့် အခုပစ်ခတ်စမ်းသပ်မှုကိုလုပ်သူဟာ ဗြိတိန်ရေတပ်ဖြစ်တယ်လို့လည်း သတင်းများမှာဖော်ပြထားတာတွေ့ရပါတယ်။

ဒါ့အပြင် လေ့လာသူများရဲ့အဆိုအရ အဲဒီဒုံးကျည်ဟာ ပုံမှန်မဟုတ်သောအလေးချိန်ရှိတဲ့ ဝန်စည်ကိုတင်ဆောင်ထားတယ် ဒါမှမဟုတ် အသံနှုန်းလွန်လေဟုန်စီးယာဉ်ကိုတင်ဆောင်ထားတယ်ဆိုပြီး ထုတ်ပြန်ထားတာတွေကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အမေရိကန် သို့မဟုတ် ဗြိတိန်နိုင်ငံတို့က အဲဒီလိုပစ်ခတ်စမ်းသပ်မှုနဲ့ပတ်သက်ပြီး ဘယ်သူကမှ တရားဝင်အတည်ပြုထားခြင်းမရှိပါဘူး။

UGM–133 Trident II D5 ဆိုတာက အမေရိကန် သို့မဟုတ် ဗြိတိန်နိုင်ငံအတွက် နျူကလီးယားသုံးချောင်းထောက်တစ်ခုဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# တရုတ်သိပ္ပံပညာရှင်များက လပေါ်တွင်မြေပြိုမှုများကိုတွေ့ရှိ အများစုမှာ လငလျင်လှုပ်ခြင်းကြောင့်ဖြစ်ဟုဆို



တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များက လပေါ်မှာ မြေပြိုမှုတွေဖြစ်ပွားတာကိုတွေ့ရှိလိုက်ရတယ်လို့ဆိုပါတယ်။ အဲဒီလိုမြေပြိုမှုတွေဖြစ်ပေါ်ရခြင်းဟာ လငလျင်လှုပ်ခြင်းကြောင့်အများဆုံးဖြစ်တာဖြစ်ပြီး အရင်တုန်းက ထင်မြင်ယူဆထားသလို ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေ ဝင်တိုက်ခြင်းကြောင့်မဟုတ်ဘူးလို့ ပညာရှင်များကပြောထားပါတယ်။

သိပ္ပံပညာရှင်များက မတူညီတဲ့အချိန်များအတွင်း တည်ငြိမ်မှုမရှိတဲ့နေရာ ၇၄ နေရာမှာရိုက်ကူးထားတဲ့ ဂြိုဟ်တုဓာတ်ပုံပေါင်း ၅၆၂ စုံကိုလေ့လာမှုများလုပ်ပြီးတဲ့နောက် ၂၀၀၉ ခုနှစ်နောက်ပိုင်း မြေပြိုမှုပေါင်း ၄၁ ခုဖြစ်ပွားတယ်ဆိုတာကိုတွေ့ရှိလိုက်ရတာဖြစ်ပါတယ်။

လပေါ်တွင်ဖြစ်ပွားသော မြေပြိုမှုများသည် ကမ္ဘာပေါ်တွင်ဖြစ်ပွားသောမြေပြိုမှုများထက်သေးငယ်ပြီး အရှည် ၁ ကီလိုမီတာ၊ အကျယ်မီတာ ၁၀၀ နှင့် အနက် ၁ မီတာထက်မပိုကြောင်း၊ ပြိုကျသည့်မြေသားပမာဏမှာ ကုဗမီတာ ၁၀၀၀၀၀ ရှိကြောင်း ပညာရှင်များရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

**Ref: IE**

**ကိုထက်**

# ပိုမိုကောင်းမွန်တဲ့လေခွင်းအားကြောင့် ခရီးအကွာအဝေးကို ပိုမိုရောက်ရှိစေနိုင်မယ့် Mercedes-Benz



ဂျာမနီနိုင်ငံမှ ကမ္ဘာကျော်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Mercedes–Benz က သူတို့ရဲ့ကားတွေကို လေခွင်းအားပိုမိုကောင်းမွန်တဲ့ ကားတွေဖြစ်လာအောင် ဖန်တီးနေတာဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်စွမ်းအင်ကိုအသုံးပြုတဲ့ကားတွေကိုလည်း ထုတ်လုပ်လျက်ရှိတာကြောင့် သူတို့ကားတွေအနေနဲ့ ခရီးအကွာအဝေးပိုမိုရောက်ရှိနိုင်စေဖို့အတွက် လေခွင်းအားကိုအဓိကထားကာ ဖန်တီးမှုများလုပ်ဆောင်လာနေတာပါ။

အခုနောက်ဆုံးထုတ်လုပ်ထားတဲ့ CLA ဆိုတဲ့ လျှပ်စစ်စွမ်းအင်သုံးကားမှာဆိုရင်လည်း အဆင့်မြင့် EQ နည်းပညာကိုသုံးထားပြီး ကားရဲ့ဒီဇိုင်းပိုင်းကိုလည်း လေခွင်းအားပိုမိုကောင်းမွန်အောင် ဖန်တီးထားတာကြောင့် တူညီတဲ့ဘက်ထရီစွမ်းကိုသာအသုံးပြုထားပေမယ့် တခြားကားတွေနဲ့ယှဉ်ရင် ရောက်ရှိနိုင်တဲ့ခရီးအကွာအဝေးကပိုမိုများပြားတယ်လို့ဆိုထားပါတယ်။

ဒီလိုမျိုးစွမ်းဆောင်ရည်ရရှိဖို့အတွက် Mercedes–Benz ကုမ္ပဏီက သူတို့ကိုယ်ပိုင်တည်ဆောက်ထားတဲ့ လေပြင်းအားစမ်းသပ်မှုလိုဏ်ခေါင်းထဲမှာ ကားတွေကိုစမ်းသပ်ထားတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အပြည့်အဝမောင်းသူမဲ့ အကြီးစားသယ်ယူပို့ဆောင်ရေးယာဉ်များကို ဘယ်ဂျီယံနိုင်ငံမှာ အသုံးပြုနေ



ဆွီဒင်မှကုမ္ပဏီတစ်ခုက အပြည့်အဝမောင်းသူမဲ့ အကြီးစားသယ်ယူပို့ဆောင်ရေးယာဉ်များကို ဘယ်ဂျီယံနိုင်ငံရှိ အများပြည်သူသုံးလမ်းမများပေါ်မှာ အသုံးပြုနေပြီဖြစ်ပါတယ်။ အဲဒီကုမ္ပဏီရဲ့နာမည်ကတော့ Einride ဖြစ်ပါတယ်။ သူက ကုန်တင်ကားများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် တီထွင်ဆန်းသစ်မှုတွေလုပ်နေတဲ့ ကုမ္ပဏီပါ။

အခုအသုံးပြုနေတဲ့ အပြည့်အဝမောင်းသူမဲ့အကြီးစားသယ်ယူပို့ဆောင်ရေးယာဉ်များဟာ အများပြည်သူများကြားအသုံးပြုဖို့အတွက် ဘေးကင်းစိတ်ချရမှုရှိတယ်ဆိုတာကို မကြာသေးမီကသက်သေပြသနိုင်ခဲ့တာကြောင့် ဘယ်ဂျီယံတာဝန်ရှိသူများက အခုလိုမျိုးအသုံးပြုခြင်းကို ခွင့်ပြုပေးထားတာဖြစ်ပါတယ်။

အခုအသုံးပြုနေတဲ့ အကြီးစားသယ်ယူပို့ဆောင်ရေးယာဉ်ဟာ လျှပ်စစ်စွမ်းအင်ကိုအသုံးပြုထားတာဖြစ်တဲ့အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ သန့်ရှင်းစွမ်းအင်အသုံးပြုမှုနဲ့ မောင်းသူမဲ့နည်းပညာအဆင့်မြင့်မားတိုးတက်မှုတို့ကို ရရှိနိုင်စေမှာဖြစ်တယ်လို့ Einride ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ Einride ကုမ္ပဏီဆိုတာ ကမ္ဘာပေါ်မှာမောင်းသူမဲ့ကုန်တင်ကားများကို အများဆုံးပိုင်ဆိုင်ထားတဲ့ကုမ္ပဏီဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတစ်ဝန်းသို့ အလွန်အားပြင်းသည့် တိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဝင်ရောက်တိုက်ခတ်




မနီလာ၊ သဘာဝဘေး

အလွန်အားပြင်းသည့် တိုင်ဖွန်းမုန်တိုင်း ရာဂါဆာသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း တစ်ဝန်းသို့ စက်တင်ဘာလ ၂၂ ရက်တွင် ဝင်ရောက်တိုက်ခတ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် မုန်တိုင်းသတိပေးချက်များစွာ ထုတ်ပြန်ထားရကြောင်းသိရသည်။

ထိုကဲ့သို့ မုန်တိုင်းဝင်ရောက်မှုကြောင့် မိုးများသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်သည့်အပြင် ရေကြီးခြင်း၊ သစ်ပင်များလဲကျခြင်း၊ နေအိမ်ခေါင်မိုးများလန်ခြင်းတို့ ဖြစ်ပွားလျက်ရှိကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်နေစဉ် ဒေသခံပြည်သူ ၁၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရကြောင်း၊ ဒေသတွင်းရှိလမ်းများစွာမှာ ရေလွှမ်းခံရသောကြောင့် ဖြတ်သန်း၍မရနိုင်ကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေရကြောင်း တာဝန်ရှိသူများက ပြောသည်။

ရာဂါဆာမုန်တိုင်းသည် တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၁၅ ကီလိုမီတာနှုန်းနှင့် လေပုန်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ၂၉၅ ကီလိုမီတာရှိကြောင်း၊ မုန်တိုင်းသည် စက်တင်ဘာလ ၂၃ ရက်နံနက်ပိုင်းမှသာ နိုင်ငံအတွင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရာဂါဆာမုန်တိုင်းတိုက်ခတ်မှုကြောင့် အစိုးရက ဒေသတွင်းရုံးများ၊ ကျောင်းများကိုပိတ်ထားရသည့်အပြင် ကမ်းရိုးတန်းရှိ ဒေသများမှသည် မြစ်ကမ်းပါးရှိဒေသများအထိ နေထိုင်နေသူများအနေဖြင့် နေအိမ်အပြင်သို့မထွက်ရန် တာဝန်ရှိသူများက သတိပေးထားကြောင်းသိရသည်။

Ref: Xinhua

# ရုရှားက New START သဘောတူစာချုပ်ကို နောက်ထပ်တစ်နှစ် ဆက်လက်ထိန်းသိမ်းရန် အသင့်ရှိဟုဆို

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့်ရရှိထားသော လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်ဖြစ်သည့် New START စာချုပ်ကို နောက်ထပ်တစ်နှစ်ဆက်လက်ထိန်းသိမ်းရန်အသင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စက်တင်ဘာလ ၂၂ ရက်တွင်ပြောသည်။

အဆိုပါ New START သဘောတူစာချုပ်သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း၊ ထိုသို့ သက်တမ်းကုန်ဆုံးသွားပါက နျူကလီးယားဒုံးကျည်စွမ်းရည်များအပေါ် တိုက်ရိုက်ကန့်သတ်ချက်များချမှတ်ထားသည့် နောက်ဆုံးနိုင်ငံတကာသဘောတူညီချက်က လုံးလုံးလျားလျားပျောက်ဆုံးသွားမည်ဖြစ်ကြောင်း ပူတင်ကရုရှားနိုင်ငံလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်ပြောထားခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါသဘောတူစာချုပ်ကို လုံးလုံးလျားလျားစွန့်ပစ်လိုက်ခြင်းသည် နျူကလီးယားမပြန့်ပွားစေရေး သဘောတူစာချုပ်အပေါ်ကိုလည်း ဆိုးကျိုးများစွာ သက်ရောက်စေမည်ဖြစ်ကြောင်း၊ ယင်းစာချုပ်ကြောင့်ရုရှားနှင့်အမေရိကန်တို့ကြား တည်ငြိမ်မှုရှိနေခြင်းဖြစ်ကြောင်း ပူတင်က ပြောထားသည်။

Ref: Sputnik

# ပါလက်စတိုင်းကို နိုင်ငံတစ်ခုအဖြစ် သတ်မှတ်သည့် နိုင်ငံကြီးများကို အစ္စရေးအပြစ်တင်

ဂျေရုဆလင်၊ နိုင်ငံရေး

ပါလက်စတိုင်းကို နိုင်ငံတစ်ခုအဖြစ် သတ်မှတ်သည့် နိုင်ငံကြီးများကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အပြစ်တင်ရှုတ်ချလိုက်ကြောင်းသိရသည်။

ပါလက်စတိုင်းကို နိုင်ငံတစ်ခုအဖြစ် သတ်မှတ်သည့်နိုင်ငံကြီးများတွင် ဗြိတိန်၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့ပါဝင်ပြီး ၎င်းတို့အနေဖြင့် ယခုဆုံးဖြတ်ချက်ချခြင်းသည်အကြမ်းဖက်ဝါဒအပေါ်ကြီးမားသော ဆုလာဘ်ပေးခြင်းဖြစ်ကြောင်း နေတန်ယာဟုကဆက်ပြောသည်။

ထို့ပြင် ယင်းကဲ့သို့ဖြစ်လာမည်ကို မလိုလားကြောင်း၊ ဂျော်ဒန်မြစ်၏အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်းနိုင်ငံဖြစ်ပေါ်လာစေမည်မဟုတ်ကြောင်း နေတန်ယာဟုကပြောထားသည်။

ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်ကမူ အဆိုပါနိုင်ငံကြီးများ၏ဆုံးဖြတ်ချက်ကိုကြိုဆိုကြောင်း၊ ထိုကဲ့သို့ဆုံးဖြတ်ခြင်းသည် နိုင်ငံတကာ၏အသိအမှတ်ပြုမှုအရ ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကိုချက်ချင်းလက်ငင်းဖြစ်ပေါ်စေရန် အရေးကြီးသောနှင့်လိုအပ်သောအဆင့်တစ်ခုဖြစ်ကြောင်း ၎င်း၏ရုံးကထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြထားသည်။

Ref: Xinhua

# မြောက်ကိုရီးယားနိုင်ငံက လျှို့ဝှက်လက်နက်များစွာကို ဖန်တီးထုတ်လုပ်ထားသည်ဟု ကင်ဂျုံအွန်က အရိပ်အမြွက်ပြော

ပြုံယမ်း၊ ပြည်တွင်းရေး

မြောက်ကိုရီးယားနိုင်ငံသည် လျှို့ဝှက်လက်နက်များစွာကို ဖန်တီးထုတ်လုပ်ထားသည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က အရိပ်အမြွက်ပြောကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စစ်ရေးအန္တရာယ်ရန်စွယ်များအားလုံးကို တုံ့ပြန်ဖယ်ရှားနိုင်စွမ်းရှိသည့် သူမတူသော အင်အားစုများကို ဆက်လက်ဖြည့်တင်းသွားရမည်ဖြစ်ကြောင်း ကင်ဂျုံအွန်က မိန့်ခွန်းတွင် ထည့်သွင်းပြောသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက စက်တင်ဘာလ ၂၂ ရက်တွင် ဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံက လက်ရှိရင်ဆိုင်နေရသောခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရေးအတွက် လျှို့ဝှက်လက်နက်အသစ်များကို ဖန်တီးထုတ်လုပ်ထားကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာ သိပ္ပံသုတေသနများတွင်လည်း များစွာသောအောင်မြင်မှုများရရှိထားကြောင်း ကင်ဂျုံအွန်ကပြောသည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ထို့အတူ မြောက်ကိုရီးယားနိုင်ငံသည် အမျိုးမျိုးသော ပင်လယ်ပြင်စစ်ဆင်ရေးများကို ထမ်းဆောင်နိုင်စွမ်းရှိသည့် ဖျက်သင်္ဘောများကိုထုတ်လုပ်ခြင်းအားဖြင့် ပင်လယ်ပြင်အချုပ်အခြာအာဏာကိုထိန်းသိမ်းနိုင်ရေးအတွက် မဟာဗျူဟာမြောက်ဝင်ရိုးတစ်ခုကိုလည်း အောင်မြင်စွာတည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း ကင်ဂျုံအွန်ကဆက်ပြောသည်။

ပြီးခဲ့သည့်လတွင် မြောက်ကိုရီးယားနိုင်ငံက Hwasong-20 အမျိုးအစား တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်အတွက် လောင်စာခဲသုံးအင်ဂျင်ကို အောင်မြင်စွာစမ်းသပ်မှုလုပ်ဆောင်ပြီးနောက် ကင်ဂျုံအွန်ကယခုကဲ့သို့ ပြောလာခြင်းဖြစ်ကြောင်းသိရသည်။




Ref: RT

# ဆွစ်ဇာလန်နိုင်ငံရှိ ဂရီးရေခဲတောင် အလွန်လျင်မြန်သောနှုန်းဖြင့် အရည်ပျော်လာ



အိုဘာရွမ်၊ ရာသီဥတု

ဆွစ်ဇာလန်နိုင်ငံရှိ သုတေသနပညာရှင်များ အဓိကထားလေ့လာလျက်ရှိသည့် ဂရီးရေခဲတောင်သည် အလွန်လျင်မြန်သောနှုန်းဖြင့် အရည်ပျော်ကျလာနေကြောင်း ဆွစ်ဇာလန်ရေခဲတောင်စောင့်ကြည့်ရေးအဖွဲ့ကထုတ်ပြန်ထားသည်။


အလျား ၅ ဒသမ ၄ ကီလိုမီတာရှိသည့် အဆိုပါရေခဲတောင်ကြီးသည် သေအံ့ဆဲဆဲဖြစ်လာနေကြောင်း၊ ယခုနှစ် စက်တင်ဘာလအထိ ၁၂ လတာကာလအတွင်းမှာပင် ရေခဲထု ၆ မီတာလျော့နည်းသွားကြောင်း ရေခဲတောင်စောင့်ကြည့်ရေးအဖွဲ့ညွှန်ကြားရေးမှူး မက်သီးယက်ဟက်ကပြောသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ရေခဲတောင်သည် အလျားမီတာ ၈၀၀ ကျဆင်းသွားကြောင်း၊ ယနေ့အချိန်အခါတွင်ရေခဲတောင်သည် ၁၈၈၀ ပြည့်နှစ်၌ရှိခဲ့ဖူးသည့် အလျားထက် ၃ ဒသမ ၂ ကီလိုမီတာ လျော့နည်းသွားပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: ST


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


နေပြည်တော် စက်တင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၉ ရက်**တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မှိုအိုးအပါအဝင် ဆက်စပ်ပစ္စည်း (၇) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၂၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၂၀၀၀၀)**ကို ဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်**တို့တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၃၂၆)တန်၊ သစ်မာ (၂ ဒသမ ၆၃၉)တန်၊ အခြားသစ် (၅ ဒသမ ၄၃၅) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၉၃၃၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။










အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၇ ရက်**တွင် တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ (သုည ဒသမ ၃၄၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၂၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၉ ရက်**တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)**စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၇၈၆၆၀၇၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL–15 ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၇၈၆၆၀၇၈)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့ထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၈၀၃၂၇၃၇)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၀၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ကြည့်ရှုအားပေး



လှိုင်ကော် စက်တင်ဘာ ၂၂

ကယားပြည်နယ် မြန်မာ့စီးပွားရေးဘဏ်(လှိုင်ကော်)ဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာထုတ်ပေးခြင်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပင်စင်လစာထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကြန့်ကြာမှုမရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပင်စင်လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါများ စမ်းသပ်စစ်ဆေး၍ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့် နေ့လယ်စာများ ပေးအပ်ကြသည်။

ယနေ့တွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်း ၃၀၀ ကို ဆန်၊ ဆီ၊ ကြက်ဥ စသည့်အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်စောတင့်**

## မုံရွာမြို့၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များပေးအပ်



မုံရွာ စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး အခြေခံစားသောက်ကုန်များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အငြိမ်းစားဝန်ထမ်းများအား နံနက်စာကော်ဖီနှင့်မုန့်များဧည့်ခံကျွေးမွေးပြီး အငြိမ်းစားဝန်ထမ်း ၁၃၀၀ ကျော်အတွက် အာဟာရဖြည့်စွက်စာကြက်ဥများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားဝန်ထမ်းများအား ဆီးချိုရောဂါ၊ သွေးတိုး၊ အကြောနာ အကြောတက်၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများ စစ်ဆေးကုသပေးနေမှုနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့်ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အေးသန္တာ**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျူးလွန်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် လှုံ့ဆော်ခြင်းပြုလုပ်သူ လှိုင်ကော်မြို့၊ ဒေါ်နိုးကူးရပ်ကွက်နေ ပိုင်ပိုင်စိုး(ခ) မျိုးမင်းခန့်(ခ) ပိုင်စိုး (၁၈)နှစ်၊ ဟန်ထွန်းအောင်(ခ) ရဲမင်းကိုကို (ခ) ဟန်ကြီး (၁၈)နှစ်၊ အောင်နိုင်လင်း (၁၇)နှစ်၊ ဖြိုးပိုင်ဇေအောင် (၁၆)နှစ်နှင့် ထွန်းနေဦးလှိုင် (၁၄)နှစ်တို့အား စက်တင်ဘာလ ၁၄ ရက်နေ့တွင် လှိုင်ကော်မြို့မရဲစခန်း(ပ)၂၁၈/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် ဆန္ဒပြ၊ လှုံ့ဆော်ခြင်းပြုလုပ်ခဲ့သူ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေသူများဖြစ်ကြသည့် ရဲသူရအောင် (၃၆)နှစ်၊ ကျော်ဝဏ္ဏ (၂၅)နှစ်၊ ချစ်ဝင်း (၄၅)နှစ်နှင့် ပြေထွန်း(၃၄)နှစ်တို့အား စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၃၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ (က)ဖြင့် အသီးသီး အမှုဖွင့် ဖမ်းဆီးအရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**





*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂၆၇/မမ/CME | မလွှကုန်းစက်ခေါင်းစက်ရုံတွင် Battery Electric Locomotive (BEL)များကို Charging သွင်းရန် Charging Station အတွက် 1111-6.6/0.4 kV, 750kVA Transformer (၁)ရုံတည်ဆောက်ခြင်း၊ 11 kV High Tension Line (၅၂၀၀)ပေ တည်ဆောက်ခြင်းနှင့် VCB အသစ်တည်ဆောက်ခြင်းလုပ်ငန်းတို့အား Turnkey စနစ်ဖြင့်ဆောင်ရွက်ရန် |
| ၂ | ၂၆၈/မမ/CME | ရန်ကုန်-မန္တလေး အဆင့်မြှင့်တင်ရေးစီမံကိန်းတွင်ပါဝင်သော (၃၇)ဘူတာအနက် ဇေယျာဝတီဘူတာသို့ MOEP ဓာတ်အားခွဲရုံမှ ဖီဒါ(၁)ခုထိုင်ခြင်း၊ 11 kV High Tension Line (၄၂၃၀)ပေနှင့် Low Tension Line (၆၆၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအားTurnkey စနစ်ဖြင့်ဆောင်ရွက်ရန် |
| ၃ | ၂၆၉/မမ/S & T | ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအချက်ပြနှင့် ဆက်သွယ်ရေးအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း တောင်ငူ-နေပြည်တော်လမ်းပိုင်းရှိ ဆက်သွယ်ရေးစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |
| ၄ | ၂၇၀/မမ/S & T | ကျည်တောင်ကန်ဘူတာမှ ရှမ်းရွာဘူတာအထိ ဘူတာ(၁၂)ဘူတာ အချက်ပြစနစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(Lot 2) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၈-၁၀-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂-၉-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 294352, 291994

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် အခြေခံပညာအထက်တန်း(ဝွေးပင်)ကျောင်း Grade-11 မှ မအိဖြိုးရတနာ၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့်နိုင် ၈/ခမန(နိုင်)၁၁၅၇၉၀ ဖြစ်ပါကြောင်း။ ဦးအောင်မြင့်နိုင်

**ပျောက်ဆုံးကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ နော်အိအိသူ(ဘ)ဦးငွေဝင်း ၁၄/မအပ(နိုင်)၂၈၁၃၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၄၃၆၅၉၆

**အမည်ပြောင်း**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မူလတန်းလွန်(သစ်တော)Grade-1 မှ အဘ ဦးလှိုင်မျိုးထွန်း၏သမီး မအိမ့်ခြူးခင်အား မအိသဒ္ဒါထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မအိသဒ္ဒါထွန်း

**ပျောက်ဆုံးကြောင်း**

အိုက်ခမ်းငင်း(ဘ)ဦးနွဲ့အောင်ခမ်း ၁၃/မယတ(နိုင်)၀၃၂၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၁၇၂၃၀၃

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ခွဲ)၊ ဝက္ကသေးကျေးရွာနေ ဦးညွှန့်ဇော်၏ဖခင် ဦးဘိုထွေး၏အမည်မှန်မှာ ဦးဘိုဒွေး ၈/တတက(နိုင်)၀၁၉၁၂၁ ဖြစ်ပါကြောင်း။ ဦးဘိုဒွေး

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.လ.က(မြို့မ)ကျောင်းမှ (မူလတန်းပြ)ဆရာမ ဒေါ်ခင်သန်းဦး၏ဖခင် ဦးရွှေတင်၏အမည်မှန်မှာ ဦးရွှေသင် TD /၀၄၀၈၉၁ ဖြစ်ပါကြောင်း။ ဦးရွှေသင်

**ပျောက်ဆုံးကြောင်း**

ဝေဝေလွင်(ဘ)ဦးကို ၈/ရစက(နိုင်)၂၃၈၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 597713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၇၃၆၅၇၇၃

**ပျောက်ဆုံးကြောင်း**

သန်းသန်းမြင့်(ဘ)ဦးတင်စန်း ၁၂/လမတ(နိုင်)၀၂၃၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 207419)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တောင်းဆိုသည့်လုပ်ခလစာမရရှိပါက တိုက်စစ်မှူးဗင်နီရှပ်စ် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာဖွယ်ရှိနေ



မက်ဒရစ် စက်တင်ဘာ ၂၂

ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီရှပ်စ် အနေဖြင့် တောင်းဆိုထားသည့်လုပ်ခလစာမရရှိပါက အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဘရာဇီးလက်ရွေးစင်အသင်းတိုက်စစ်မှူး ဗင်နီရှပ်စ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ နှစ်နှစ်သာကျန်ရှိတော့ပြီး စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိသော်လည်း အဆင်မပြေဖြစ်နေသည်။

အစောပိုင်းကာလက တိုက်စစ်မှူးဗင်နီရှပ်စ်သည် ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝကို ကုန်ဆုံးလိုသည်ဟု ပြောကြားခဲ့သော်လည်း လက်ရှိသတင်းများ၏ဖော်ပြချက်အရ ၎င်းအနေဖြင့် တိုက်စစ်မှူးအမ်ဘတ်ပီကိုပေးချေနေသည့် လုပ်ခလစာကဲ့သို့ ရရှိလိုခြင်းဖြစ်ကာ အကယ်၍ မရရှိခဲ့ပါက အသင်းမှထွက်ခွာရန်စဉ်းစားလာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့်လည်း လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးဗင်နီရှပ်စ်နှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရေး ကြိုးပမ်းမှုမအောင်မြင်ပါက လက်ကျန်စာချုပ်သက်တမ်းအတွင်း ရောင်းချရန် စီစဉ်နေသကဲ့သို့ လက်ရှိတွင် ဗင်နီရှပ်စ်ကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားနေပြီး ပြီးခဲ့သည့်ဖေဖော်ဝါရီလက ဆော်ဒီပရိုလိဂ်တာဝန်ရှိသူများနှင့် ဗင်နီရှပ်စ်၏အေးဂျင့်တို့ကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

တိုက်စစ်မှူးဗင်နီရှပ်စ်သည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှစတင်ကာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပါဝင်ကစားခဲ့ပြီး အဓိကတိုက်စစ်မှူးအဖြစ် စွမ်းဆောင်လျက်ရှိသည်။ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၂ ပွဲပါဝင်ကစားထားကာ သုံးဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။ **Ref; Fabrizio Romano**

# မိမိတို့အသင်းအတွက် ရမှတ်ရရှိဖို့သာ အဓိကဖြစ်ကြောင်း မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်ပြောကြား

မန်ချက်စတာ စက်တင်ဘာ ၂၂

မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်က မိမိတို့အသင်းအနေဖြင့် ရမှတ်ရရှိဖို့သာ အဓိကဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် စက်တင်ဘာလ ၂၀ ရက်က ပရီးမီးယားလိဂ်ပွဲစဉ်(၅)အဖြစ် ချယ်လ်ဆီးအသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်၌ တစ်ယောက်လျော့ချယ်လ်ဆီးအသင်းကို မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်က ပွဲချိန် ၁၄ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယဦးဆောင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ကက်စ်မဲရိုးက သွင်းယူပေးခဲ့ကာ ပထမပိုင်းပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် ကက်စ်မဲရိုးက နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် ဒုတိယပိုင်း မိနစ် ၈၀ တွင် ချယ်လ်ဆီးအသင်းကစားသမား ချာလိုဘတ်က ချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် မန်ယူအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းအတွက် ပွဲပေါင်း ၂၀၀ ပြည့်တွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းအနေဖြင့်လည်း ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ငါးပွဲ၌ ဒုတိယမြောက်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော့်အတွက် အခုလိုမှတ်တမ်းစိုက်ထူနိုင်တဲ့အတွက် အရမ်းကိုဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ နောက်ပွဲတွေကိုပဲ ကျွန်တော်အာရုံစိုက်ကစားမှာပါ။ အသင်းအတွက် အဓိကက ရမှတ်တွေရရှိဖို့ပါပဲ။ ချယ်လ်ဆီးအသင်းနဲ့ပွဲစဉ်ရဲ့ အစပိုင်းမှာ ကျွန်တော့်ကစားသမားတွေ စိတ်ဓာတ်ပိုင်းအရ အရမ်းတက်ကြွနေခဲ့ကြပါတယ်။ ကက်စ်မဲရိုးရရှိတဲ့ အနီကတ်ပြစ်ဒဏ်ကတော့ ရမှတ်အတွက် ဘာမှပြောင်းလဲမသွားပါဘူး"ဟုပြောသည်။

ထို့ပြင် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းနည်းပြ အမိုရင်အနေဖြင့် ဖိအားများအောက်မှ အနည်းငယ်ရုန်းထွက်နိုင်ခဲ့ပြီး လာမည့်အောက်တိုဘာလအတွင်း ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာပွဲစဉ်များမတိုင်မီ ဘရန့်ဖို့ဒ်၊ ဆန်းဒါးလန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **Ref; Fotmob**

# ဂျာမန်ဘွန်ဒက်စ်လီဂါသမိုင်းတွင် ပယ်နယ်တီဂိုး ၁၇ ဂိုးကို ရာနှုန်းပြည့်သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် တိုက်စစ်မှူးဟယ်ရီကိန်းမှတ်တမ်းဝင်



မြူးနစ် စက်တင်ဘာ ၂၂

ဂျာမန်ဘွန်ဒက်စ်လီဂါသမိုင်းတွင် ပယ်နယ်တီဂိုး ၁၇ ဂိုးကို ရာနှုန်းပြည့်သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် တိုက်စစ်မှူးဟယ်ရီကိန်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် စက်တင်ဘာလ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဟော့ဖန်ဟိမ်းအသင်းနှင့်ပွဲစဉ်တွင် ပယ်နယ်တီဂိုးနှစ်ဂိုးအပါအဝင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါသမိုင်းတွင် ရရှိသောပယ်နယ်တီဂိုး ၁၇ ဂိုးကို ရာနှုန်းပြည့်သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘွန်ဒက်စ်လီဂါပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ဟော့ဖန်ဟိမ်းအသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၄၄ မိနစ်တွင် လန်နတ်၏ဖန်တီးပေးမှုမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၄၈ မိနစ်နှင့် ပွဲချိန် ၇၇ မိနစ်တို့တွင် ပယ်နယ်တီကန်သွင်းမှုမှ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကာ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့်လည်း အဆိုပါပွဲစဉ်၌ ဟော့ဖန်ဟိမ်းအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခင်က ဂျာမန်ဘွန်ဒက်စ်လီဂါသမိုင်းတွင် ရာနှုန်းပြည့်ပယ်နယ်တီဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ကိုးရာသီကြာ သွင်းယူခဲ့ရသော ပယ်နယ်တီဂိုး ၁၆ ဂိုးဖြင့် ဟန်းယော်ကင်းအာဘယ်က ရပ်တည်နိုင်ခဲ့ပြီး ယခုအခါ တိုက်စစ်မှူးဟယ်ရီကိန်းက သုံးရာသီကြာ သွင်းယူခဲ့သည့် ပယ်နယ်တီဂိုး ၁၇ ဂိုးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘွန်ဒက်စ်လီဂါပြိုင်ပွဲလေးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ဒုတိယမြောက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲတွင် ၁၃ ဂိုးအထိ သွင်းယူထားသကဲ့သို့ စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ဟက်ထရစ်သွင်းဂိုး ကိုးကြိမ်ရရှိထားသည်။

ထို့ပြင် ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါ ၆၇ ပွဲတွင် ဂိုး ၇၀ အထိ သွင်းယူနိုင်ခဲ့ပြီး ဂိုး ၇၀ အမြန်ဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကာ အသင်းအတွက် ပြိုင်ပွဲစုံ ၁၀၃ ပွဲတွင် ၉၈ ဂိုးအထိ သွင်းယူထားနိုင်ကြောင်း သိရသည်။ **Ref; Fotmob**

## မန်ယူအသင်းနှင့်ပွဲစဉ်မှ အနီကတ်ပြစ်ဒဏ်အတွက် ချယ်လ်ဆီးအသင်းဂိုးသမားဆန်းချက်ဇ် ပရိသတ်များကိုတောင်းပန်

လန်ဒန် စက်တင်ဘာ ၂၂

ချယ်လ်ဆီးအသင်းဂိုးသမား ဆန်းချက်ဇ်က မန်ယူသင်းနှင့်ပွဲစဉ်တွင် ပြသခံခဲ့ရသည့် အနီကတ်ပြစ်ဒဏ်အတွက် ပရိသတ်များကို တောင်းပန်စကားပြောကြားခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းဂိုးသမား ဆန်းချက်ဇ်သည် စက်တင်ဘာလ ၂၀ ရက်က မန်ယူအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်၌ ပွဲကစားချိန်ငါးမိနစ်တွင် တိုက်စစ်မှူးအမ်ဘူမိုအား ဥပဒေပြင်ပတားဆီးခဲ့ခြင်းအတွက် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဂိုးသမားဆန်းချက်ဇ်က မန်ယူအသင်းနှင့်ပွဲစဉ်အတွက် မိမိတွင်သာတာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပရိသတ်များကို တောင်းပန်ကြောင်းနှင့် ချယ်လ်ဆီးအသင်းသားများအနေဖြင့် ပွဲကစားချိန်ဒုတိယပိုင်းတွင် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း နိုင်ပွဲမရရှိခဲ့ကြောင်းကို ၎င်း၏အင်စတာဂရမ်တွင် ဖော်ပြခဲ့သည်။

ဂိုးသမားဆန်းချက်ဇ်သည် အဆိုပါအနီကတ်ပြစ်ဒဏ်ကြောင့် လင်ကွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကာရာဘောင်းဖလားပွဲစဉ်တစ်ပွဲသာ ပွဲပယ်ခံရမည်ဖြစ်ကြောင်း သိရသည်။ **Ref; Goal.com**

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

MINISTRY OF HEALTH

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမိုန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အမိုကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းပြောပြပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။




၄

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




၅




၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သဃ်ၤန်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်ၤန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်၊ ကုသရေးဆောင်(A,B,C,D,G)များအား မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ပါရန် တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ ။ ။ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့)
စတင်ရောင်းချမည့်ရက် နံနက်(၉:၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ။ ။ ၈-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)
ညနေ(၄:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါသက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

---

**ပျောက်ဆုံးကြောင်း**
ကျော်ဖြိုးဝင်း(ဘ)ဦးအုန်းရွှင် ၅/ကနန(နိုင်)၀၈၂၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီတာအောင်(ဘ)ဦးဘအောင် ၁၀/မဒန(နိုင်)၂၀၀၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၇၆၇၇၁၇

**ပျောက်ဆုံးကြောင်း**
မြန္နာ(ဘ)ဦးဌေးဝင်း ၁၀/မဒန(နိုင်)၂၆၂၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

**ပျောက်ဆုံးကြောင်း**
မြသန်း(ဘ)ဦးအောင်ပီ ၁၀/သထန(နိုင်)၁၇၅၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၅၈၇၁၂၁

**ပျောက်ဆုံးကြောင်း**
ဂျာစင်ဘာ(ဘ)ဦးဖရေးဒို ၂/လကန(နိုင်)၁၂၉၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၂၂၅၇၄

**ပျောက်ဆုံးကြောင်း**
အေးအေးမူ(ဘ)ဦးမြင့်လှိုင် ၇/လပတ(နိုင်)၁၉၀၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၀၄၀၂၁၇

**မိဘအမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထကတော်ဝိ၊ Grade-12 မှ မဝေဝေသော်၏ မိဘအမည်မှန်မှာ ဦးဇော် ၇/ညလပ(နိုင်)၂၁၉၇၈၈ နှင့် ဒေါ်အေးဝင်းဖြူ ၇/ညလပ(နိုင်)၂၄၆၀၇၆ ဖြစ်ပါကြောင်း။
ဦးဇော်-ဒေါ်အေးဝင်းဖြူ

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့၊ ဆေးရုံရပ်ကွက်နေ မင်းထက်နိုင်(ဘ)ဦးအောင်ဝင်း ၇/ဖမန(နိုင်)၁၈၇၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၆၈၄၄၂၉

**ပျောက်ဆုံးကြောင်း**
သင်းသန့်သူ(ဘ)ဦးအောင်အောင် ၁၄/လပတ(နိုင်)၃၀၀၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 362351)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြတ်ဆုမွန်(ဘ)ဦးမြင့်ဦးကျော် ၁၀/မလမ(နိုင်)၁၉၂၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၈၇၀၇၉၀

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးသာဟံ ၁၀/ပမန(နိုင်)၁၀၅၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၇၇၀၈၈၈

**ပျောက်ဆုံးကြောင်း**
မြတ်ကျော်သန့်(ဘ)ဦးအောင်မြတ် ၁၂/ဒဂတ(နိုင်)၀၅၅၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၃၀၀၀၉၅

**ပျောက်ဆုံးကြောင်း**
သက်သက်အောင်(ဘ)ဦးသိန်းလွင် ၁၂/သဃက(နိုင်)၁၆၄၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၃၄၀၄၄၃

**ပျောက်ဆုံးကြောင်း**
စိုးကြိုင်(ဘ)ဦးကျော်စိန် ၈/ခမန(နိုင်)၁၀၆၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၉၇၆၄၁

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အမက(လွန်)အာဇာနည်၊ Grade-4 မှ မမေသဇင်စိုးနှင့် Grade-3 မှ မောင်ထက်ဝေယံ၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၇/ညလပ(နိုင်)၂၆၄၂၉၇ ဖြစ်ပါကြောင်း။
ဦးထွန်းထွန်းဝင်း

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အ.မ.က(၂၅)အခြေခံပညာမူလတန်းကျောင်းမှ လက်ထောက်မူလတန်းပြ ဒေါ်မိုးမိုး၏ဖခင် ဦးဘိုဝင်း(ခ)ဦးလှဝင်း ၈/ရနခ(နိုင်)၀၄၅၁၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဘိုဝင်း(ခ)ဦးလှဝင်း

**ပျောက်ဆုံးကြောင်း**
စုစုဝေ(ဘ)ဦးသိန်းစိုး ၁၂/ဗတထ(နိုင်)၀၃၃၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၉၁၆၉၅၉

**ပျောက်ဆုံးကြောင်း**
ဝင်းမင်းခန့်(ဘ)ဦးဝင်းနိုင် ၁၀/ရမန(နိုင်)၂၂၄၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၇၄၁၁၈

**ပျောက်ဆုံးကြောင်း**
စိုးပြည့်အောင်(ဘ)ဦးအောင်ဌေး ၁၀/မဒန(နိုင်)၂၁၂၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 194591)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၄၈၅၅၅၇

**ပျောက်ဆုံးကြောင်း**
မျိုးသန့်(ဘ)ဦးဆံပေါ် ၅/မရန(နိုင်)၁၄၃၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 584439)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဌေးဝင်း(ဘ)ဦးမောင်တင် ၁၂/ရကန(နိုင်)၀၄၆၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၉၀၀၃၅

**ပျောက်ဆုံးကြောင်း**
အောင်ပြည့်ဖြိုး(ဘ)ဦးအောင်မြင့်သန်း ၁၄/ဒဒရ(နိုင်)၁၈၁၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဖြူဖြူစိုး(ဘ)ဦးလှစိုး ၁၀/သထန(နိုင်)၂၃၄၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၆၃၄၀၁

**ပျောက်ဆုံးကြောင်း**
မင်းဟိန်းလင်းဦး(ဘ)ဦးဘချစ် ၁၀/ပမန(နိုင်)၀၀၉၂၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၀၁၅၄၈၉

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အ.ထ.က(၉)ကျောင်း၊ Grade-10 မှ မောင်မျိုးလင်းကျော်၊ ကျောင်းဝင်အမှတ်-၁၃၈၆ ၏ဖခင်အမည်မှန်မှာ ဦးကျော်မြတ်မင်း ၁၀/ကမရ(နိုင်)၀၅၉၈၈၂ ဖြစ်ပါကြောင်း။ ဦးကျော်မြတ်မင်း

**ပျောက်ဆုံးကြောင်း**
အေးအေးမော်(ဘ)ဦးနီ ၁၂/တမန(နိုင်)၁၁၇၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၅၆၂၆၅၄

**ပျောက်ဆုံးကြောင်း**
ဝါဝါတင်လင်းထွန်း(ဘ)ဦးမြင့်ထွန်း ၁၂/တမန(နိုင်)၁၄၄၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၀၀၉၆၈၈

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အေးသုခကျေးရွာနေ မဟာနဆွေယဉ်အေး(ဘ)ဦးထန်ဆွေး ၁၂/မဘန(နိုင်)၁၆၃၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၅၅၀၆၇၃

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၆၇)နေ နော်ရိုဇီနာ(ဘ)ဦးစောအောင်ပါ ၁၂/အစန(နိုင်)၀၂၅၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၀၉၂၂၁၂

အလိမ္မာစာမှာရှိ

**ပျောက်ဆုံးကြောင်း**
ဒေါ်ဝင်း(ဘ)ဦးမောင်မြင့် ၁၀/ကထန(နိုင်)၀၁၃၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

**ပျောက်ဆုံးကြောင်း**
ကျော်ထွေးစံ(ဘ)ဦးစံမြ ၉/မကန(နိုင်)၁၂၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အောင်မြတ်မင်း(ဘ)ဦးရန်ချိုဆန် ၁၃/မဆတ(ပြု)၀၀၀၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၅၆၆၈၈၈

**ပျောက်ဆုံးကြောင်း**
မြင့်ဘုန်းနိုင်(ဘ)ဦးမြင့် ၅/ရဘန(နိုင်)၁၉၈၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 976860)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ဇော်ဦး(ဘ)ဦးမြင့်သိန်း ၉/ရမသ(နိုင်)၁၇၇၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၂၆၁၆၈၃

**ပျောက်ဆုံးကြောင်း**
ဇင်မင်းထိုက်(ဘ)ဦးအောင်အေး ၁၀/ကမရ(နိုင်)၁၆၀၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၀၁၇၁၄၀

**ပျောက်ဆုံးကြောင်း**
မဇ္ဈူအောင်(ဘ)ဦးအောင်ငွေ ၁၀/မဒန(နိုင်)၁၀၄၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၃၉၃၈၂၇

**ပျောက်ဆုံးကြောင်း**
စုစုထွေး(ဘ)ဦးသောင်းရှိန် ၁၀/မဒန(နိုင်)၁၈၂၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၉၀၄၉၄၄

**ပျောက်ဆုံးကြောင်း**
လှမြင့်(ဘ)ဦးမောင်မောင် ၁၂/သလန(နိုင်)၀၆၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၉၅၂၅၈

**ပျောက်ဆုံးကြောင်း**
အောင်မျိုးထွန်း(ဘ)ဦးတင်ဝင်း ၁၂/ဥကမ(နိုင်)၁၈၆၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၂၉၇၁၄၇

**ပျောက်ဆုံးကြောင်း**
ဦးအကျန်(ဘ)ဦးကျင် ၁၂/လမတ(နိုင်)၀၂၃၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 207418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်စန်းဦး(ဘ)ဦးဘာလီ ၇/ကကန(နိုင်)၁၁၇၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စုနေ အဘ ဦးသိန်းမောင်၏သမီး ဒေါ်စိန်စိန်အေးနှင့် ဒေါ်စန်းစန်းအေး ၇/ညလပ(နိုင်)၀၄၈၁၅၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်စိန်စိန်အေး(ခ)ဒေါ်စန်းစန်းအေး

**ပျောက်ဆုံးကြောင်း**
မောင်စိုးဟန်(ဘ)ဦးဖိုးတွတ် ၈/ရစက(နိုင်)၂၂၅၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ပလောင်(ဘ)ဦးယန်ရှူး ၁၃/မဆတ(နိုင်)၀၇၅၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖြူဖြူဆန်း(ဘ)ဦးမောင်ညွှန့် ၁၁/ကတန(နိုင်)၁၂၂၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်မြတ်ကို(ဘ)ဦးကိုကိုဦး ၉/အမဇ(နိုင်)၀၄၇၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 398140)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၉၈၆၆၀၇

**ပျောက်ဆုံးကြောင်း**
ရဲမျိုးထွန်း(ဘ)ဦးအောင်မြင့် ၉/တသန(နိုင်)၁၃၀၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၂၁၄၄၇

**ပျောက်ဆုံးကြောင်း**
မြတ်နိုးဇင်(ဘ)ဦးဇေယျာလတ် ၇/ကပက(နိုင်)၁၂၁၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
ပဲခူးမြို့နယ်၊ အ.ထ.က(ခွဲ)ဘုရားသုံးဆူ၊ Grade-12 မှ မစန်းစန်းမော်၏ဖခင်အမည်မှန်မှာ ဦးအေးမင်း ၇/ပခန(နိုင်)၂၉၂၈၉၄ ဖြစ်ပါကြောင်း။
ဦးအေးမင်း

**ပျောက်ဆုံးကြောင်း**
စအောင်နိုင်ဝင်း(ဘ)မန်းစသန်း ၁၄/မမန(နိုင်)၂၈၁၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၉၈၀၃၄၄

**ပျောက်ဆုံးကြောင်း**
အောင်နိုင်လင်း(ဘ)ဦးထွီးလှ ၁၁/မပန(နိုင်)၁၅၂၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 004722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၀၉၀၅၇၀

**ပျောက်ဆုံးကြောင်း**
သန်းမြတ်စိုး(ဘ)ဦးလှသိန်း ၁၀/မဒန(နိုင်)၁၅၈၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၈၉၂၁၂၂

**ပျောက်ဆုံးကြောင်း**
သူရိန်(ဘ)ဦးအိုက်ရှင်း ၁၃/လရန(နိုင်)၂၂၈၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၇၂၁၃၇၁

---

WIN WIN TREASURE COMPANY LIMITED
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "WIN WIN TREASURE COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၂-၉-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

KYAW WIN THEIN
Director
WIN WIN TREASURE COMPANY LIMITED.

---

AKHAL COMPANY LIMITED
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "AKHAL COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၂-၉-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

SWE SWE MAR
Managing Director
AKHAL COMPANY LIMITED.

---

## အစုရှယ်ယာလျှော့ချခြင်း

"NWAY OO MYU CO.,LTD."၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင် ထည့်ဝင်ထားသော ကျပ်တစ်သောင်းတန် အစုရှယ်ယာပေါင်း (၅၀၀၀)စုမှ အစုရှယ်ယာ(၁၀၀)စုသို့ လျှော့ချကြောင်း ကြော်ငြာအပ်ပါသည်။

NWAY OO MYU CO.,LTD.
ဖုန်း-၀၉-၉၆၄၆၈၇၃၀၀

---

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ် ၃၇/ခ(စွန်းလွန်း)၊ ဦးပိုင်အမှတ်(၁၇၅)၊ (အလျား ၂၆'-၀"၊ အနံ ၆၀'-၀")ဒေါ်ခွေးအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးတင်ဝင်း ၉/မခန(နိုင်)၀၁၂၁၈၀ ကိုင်ဆောင်သူမှ(အလျား ၂၀'-၀"၊ အနံ ၄၀'-၀")ရှိRC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။

FDA- ၈၅/ ၂၁၃၄၉/ ထလ

canesugarokt7 @gmail.com



အုတ်တွင်းသကြားစက်

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ




BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ရွှေဖီဦး

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **မြန်မာနိုင်ငံ၏ နိုင်ငံအရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်. . .**

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ( ၁/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## ကမ္ဘာ့စက်ရုပ်အိုလံပစ် အာရှပစိဖိတ်ပြိုင်ပွဲတွင် AI အသုံးပြုရှာဖွေကယ်ဆယ်ရေး စက်ရုပ်ကားတီထွင်ခဲ့သော မြန်မာကလေးငယ်အဖွဲ့ ပထမဆုရ





ရန်ကုန် စက်တင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သော ကမ္ဘာ့စက်ရုပ်အိုလံပစ် အာရှပစိဖိတ်ပြိုင်ပွဲ (World Robot Olympiad Asia Pacific Open Championship)တွင် မြန်မာ We Are Genius MYANMAR အသင်းသည် AI အသုံးပြုရှာဖွေကယ်ဆယ်ရေးစက်ရုပ်ကားဖြင့် **စာမျက်နှာ ၁၂ ကော်လံ ၁** ■

## ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတစ်ဝန်းသို့ အလွန်အားပြင်းသည့် တိုင်ဖွန်းမုန်တိုင်း ရာဂါဆာ ဝင်ရောက်တိုက်ခတ်

စာ - ၂၃ သို့




## လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)

## ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ် အာရှဖလားခြေစစ်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ခြေစစ်ပွဲတွင် မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မြန်မာလက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းက ၇ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **စာမျက်နှာ ၁၂ ကော်လံ ၄** ○

